ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်

## ဖရူဆိုမြို့နယ် အစီရင်ခံစာ





ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂၀၁၇ ခုနှစ်၊ မေလ

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

## ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်

# ဖရူဆိုမြို့နယ် အစီရင်ခံစာ


ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈)

နေပြည်တော်

ဖုန်း - ၉၅-၆၇-၄၃၁၀၆၂

www.dop.gov.mm

၂၀၁၇ ခုနှစ်၊ မေလ

# ပုံ (၁) - ကယားပြည်နယ်၏ မြို့နယ်များပြမြေပုံ



ဖရူဆိုမြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များ [၁]

| | | |
|---|---|---|
| လူဦးရေစုစုပေါင်း | ၂၉,၃၇၄ [၂] | |
| ကျား ဦးရေ | ၁၄,၄၃၇ (၄၉.၁%) | |
| မ ဦးရေ | ၁၄,၉၃၇ (၅၀.၉%) | |
| မြို့ပြလူဦးရေရာခိုင်နှုန်း | ၁၄.၄% | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၁,၆၆၅.၁ [၃] | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၁၇.၆ ဦး | |
| အသက်အလယ်ကိန်း | ၂၀.၄ နှစ် | |
| | | |
| ရပ်ကွက် စုစုပေါင်း | ၅ | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၁၄ | |
| အိမ်ထောင်စုအရေအတွက် | ၅,၉၁၀ | |
| အမျိုးသမီးအိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၂၃.၄% | |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၈ ဦး [၄] | |
| | | |
| အသက်အပိုင်းအခြားအလိုက်လူဦးရေရာခိုင်နှုန်း | | |
| ကလေးဦးရေ (အသက် ၀ - ၁၄ နှစ်) | ၃၉.၆% | |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ - ၆၄ နှစ်) | ၅၆.၆% | |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) | ၃.၈% | |
| | | |
| မှီခိုသူအချိုး | | |
| စုစုပေါင်းမှီခိုသူအချိုး | ၇၆.၇ | |
| ကလေးမှီခိုသူအချိုး | ၆၉.၉ | |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၆.၈ | |
| | | |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၉.၇ | |
| | | |
| ကျား/မ အချိုး | ၉၇ (မ ၁၀၀ တွင်ရှိသော ကျား ဦးရေ) | |
| | | |
| အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်း | ၇၀.၈% | |
| ကျား စာတတ်မြောက်မှုရာခိုင်နှုန်း | ၇၇.၉% | |
| မ စာတတ်မြောက်မှုရာခိုင်နှုန်း | ၆၄.၆% | |
| | | |
| မသန်စွမ်းသူဦးရေ | အရေအတွက် | ရာခိုင်နှုန်း |
| မသန်စွမ်းသူ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | ၁,၅၃၈ | ၅.၂ |
| လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | ၇၂၂ | ၂.၅ |
| အမြင် | ၆၈၇ | ၂.၃ |
| အကြား | ၇၀၄ | ၂.၄ |
| သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း | ၆၄၈ | ၂.၂ |

| ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစား (အသက် ၁၀ နှစ်နှင့်အထက်) | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံသားစိစစ်ရေးကတ် | ၁၉,၃၄၃ | ၉၀.၅ |
| ဧည့်နိုင်ငံသားကတ် | * | < ၀.၁ |
| နိုင်ငံသားပြုခွင့်ရသူကတ် | * | < ၀.၁ |
| အမျိုးသားမှတ်ပုံတင်ကတ် | ၆၅ | ၀.၃ |
| သာသနာဝင်ကတ် | ၃၂ | ၀.၁ |
| ယာယီသက်သေခံကတ် | - | - |
| နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် | * | < ၀.၁ |
| နိုင်ငံခြားသားနိုင်ငံကူးလက်မှတ် | - | - |
| မည်သည့်ကတ်မှမကိုင်ဆောင်သူ | ၁,၉၂၇ | ၉.၀ |

| လုပ်သားအင်အားအကြောင်းအရာ (အသက် ၁၅ - ၆၄ နှစ်) | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| လုပ်သားအင်အားပါဝင်နှုန်း | ၈၆.၉% | ၉၁.၂% | ၈၂.၈% |
| အလုပ်လက်မဲ့ရာခိုင်နှုန်း | ၁.၇% | ၂.၀% | ၁.၄% |
| အလုပ်အကိုင်ရရှိမှုနှင့်လူဦးရေအချိုး | ၈၅.၄% | ၈၉.၄% | ၈၁.၇% |

| အိမ်ပိုင်ဆိုင်မှု | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ပိုင်ရှင် | ၅,၅၃၄ | ၉၃.၆ |
| အိမ်ငှား | ၄၃ | ၀.၇ |
| အခမဲ့ (မိဘ/ဆောကွမ/ဆွေမျိုး/မိတ်ဆွေ) | ၅၂ | ၀.၉ |
| အစိုးရဝန်ထမ်းအိမ်ရာ | ၂၆၇ | ၄.၅ |
| ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ | * | ၀.၁ |
| အခြား | * | ၀.၂ |

| နေအိမ်အဆောက်အအုံအတွက် အဓိကအသုံးပြုသည့်ပစ္စည်းများ | အကာ | အခင်း | အမိုး |
|---|---|---|---|
| ဓနိ/သက်ကယ်/အင်ဖက် | ၀.၂% | | ၁၄.၃% |
| ဝါး | ၄၀.၃% | ၃၈.၃% | ၁.၁% |
| မြေကြီး | ၀.၂% | ၀.၃% | |
| သစ်သား | ၄၂.၁% | ၄၆.၈% | ၀.၇% |
| သွပ် | ၀.၁% | | ၈၂.၂% |
| အုတ်ကြွပ်/အုတ်/ကွန်ကရစ် | ၁၆.၁% | ၁၄.၂% | ၁.၇% |
| အခြား | - | ၀.၄% | < ၀.၁% |

| အစားအစာချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | ၃၆၆ | ၆.၂ |
| ဓာတ်ငွေ့ | * | < ၀.၁ |
| ရေနံဆီမီး | ၃၀ | ၀.၅ |
| ဘိုင်အိုဂက်စ် | - | - |
| သစ်သား/ထင်း | ၅,၄၅၄ | ၉၂.၃ |
| မီးသွေး/လောင်စာတောင့် | ၄၀ | ၀.၇ |

| | | |
|---|---|---|
| ကျောက်မီးသွေး | * | < ၀.၁ |
| အခြား | * | ၀.၃ |
| | | |
| အလင်းရောင်အတွက်အဓိကအသုံးပြုသည့်မီးအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| လျှပ်စစ်မီး | ၁,၂၃၇ | ၂၀.၉ |
| ရေနံဆီမီး | ၁,၂၅၇ | ၂၁.၃ |
| ဖယောင်းတိုင်မီး | ၁,၅၁၀ | ၂၅.၅ |
| ဘက်ထရီမီး | ၂၀၃ | ၃.၄ |
| မီးစက် (ပုဂ္ဂလိက) | ၅၀ | ၀.၈ |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | ၂၁ | ၀.၄ |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၉၂၃ | ၁၅.၆ |
| အခြား | ၇၀၉ | ၁၂.၀ |
| | | |
| သောက်ရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၂,၉၆၈ | ၅၀.၂ |
| အဝီစိတွင်း | * | < ၀.၁ |
| ရေတွင်း (အုတ်စီ) | ၅၇၂ | ၉.၇ |
| ရေသန့်စက်/ရေသန့်ဘူး | ၁၁၅ | ၂.၀ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှု* | *၃,၆၅၇* | *၆၁.၉* |
| ရေတွင်း (အကာရံမဲ့) | ၃၇၄ | ၆.၂ |
| ရေကန် | ၂၈၉ | ၄.၉ |
| မြစ်/ချောင်း/တူးမြောင်း | ၇၀၇ | ၁၂.၀ |
| တောင်ကျရေ/မိုးရေ | ၃၅၃ | ၆.၀ |
| အခြား | ၅၃၀ | ၉.၀ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှု* | *၂,၂၅၃* | *၃၈.၁* |
| | | |
| သုံးရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၃,၁၅၇ | ၅၃.၄ |
| အဝီစိတွင်း | * | < ၀.၁ |
| ရေတွင်း (အုတ်စီ) | ၄၀၇ | ၆.၉ |
| ရေတွင်း (အကာရံမဲ့) | ၃၇၄ | ၆.၃ |
| ရေကန် | ၃၇၉ | ၆.၄ |
| မြစ်/ချောင်း/တူးမြောင်း | ၇၀၇ | ၁၂.၀ |
| တောင်ကျရေ/မိုးရေ | ၃၅၂ | ၆.၀ |
| ရေသန့်စက်/ရေသန့်ဘူး | - | - |
| အခြား | ၅၃၃ | ၉.၀ |
| | | |

| အိမ်သာအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ရေဆွဲအိမ်သာ | * | ၀.၁ |
| ရေလောင်း/ယင်လုံအိမ်သာ | ၄,၁၄၃ | ၇၀.၁ |
| *စုစုပေါင်းသန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု* | *၄,၁၅၀* | *၇၀.၂* |
| တွင်း/ဇလားအိမ်သာ | ၃၁၃ | ၅.၃ |
| တွင်းမရှိအိမ်သာ | ၉၅ | ၁.၆ |
| အခြား | ၇၈ | ၁.၃ |
| အိမ်သာမရှိ | ၁,၂၇၄ | ၂၁.၆ |
| | | |
| ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှုအခြေအနေ | အရေအတွက် | ရာခိုင်နှုန်း |
| ရေဒီယို | ၁,၅၄၅ | ၂၆.၁ |
| ရုပ်မြင်သံကြား | ၁,၃၆၀ | ၂၃.၀ |
| ကြိုးဖုန်း | ၅၉ | ၁.၀ |
| လက်ကိုင်ဖုန်း | ၃၅၀ | ၅.၉ |
| ကွန်ပျူတာ | ၄၈ | ၀.၈ |
| အိမ်တွင်အင်တာနက်တပ်ဆင်ထားခြင်း | * | ၀.၁ |
| မည်သည့်ပစ္စည်းမျှမရှိသည့် အိမ်ထောင်စု | ၃,၅၃၇ | ၅၉.၈ |
| ပစ္စည်းအားလုံးရှိသည့် အိမ်ထောင်စု | * | < ၀.၁ |
| | | |
| သယ်ယူပို့ဆောင်ရေးယာဉ်များသုံးစွဲနိုင်မှု အခြေအနေ | အရေအတွက် | ရာခိုင်နှုန်း |
| ကား/ထရပ်ကား/ဗင်န် | ၂၃ | ၀.၄ |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | ၂,၀၇၄ | ၃၅.၁ |
| စက်ဘီး | ၄၉၁ | ၈.၃ |
| (၄) ဘီးပါ ထော်လာဂျီ | ၄၇၁ | ၈.၀ |
| ကနူးလှေ၊ သမ္ဗာန် | * | < ၀.၁ |
| စက်လှေ၊ မော်တော်ဘုတ် | * | < ၀.၁ |
| လှည်း (ကျွဲ၊ နွား၊ မြင်း...... စသဖြင့်) | ၁,၀၄၇ | ၁၇.၇ |

မှတ်ချက်။

[၁] ဖရူဆိုမြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။

[၂] အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

[၃] ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

[၄] အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

* အရေအတွက် (၂၀) ထက်နည်းပါသည်၊

# မာတိကာ


နိဒါန်း........................................................................................................ ၂

ဖရူဆိုမြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ........................................................ ၄

(က) လူဦးရေဆိုင်ရာ အချက်အလက်များ.......................................................................... ၅

(ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ............................................................ ၉

(ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ ......................................................................... ၁၀

(ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ ......................................................................... ၁၄

(င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ .................................................................. ၂၀

(စ) မသန်စွမ်းမှုအကြောင်းအရာ...................................................................................... ၂၁

(ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ................................................... ၂၄

နေအိမ်အမျိုးအစားများ ............................................................................................. ၂၄

အိမ်သာအမျိုးအစားများ............................................................................................ ၂၅

သောက်ရေအမျိုးအစားများ ........................................................................................ ၂၇

အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု ...................................................................... ၂၉

အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု............................................. ၃၁

ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှု................................................ ၃၃

ပို့ဆောင်ရေးယာဉ် အမျိုးအစားများ ............................................................................. ၃၅

(ဇ) မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ .............................................................. ၃၆

မွေးဖွားခြင်းအကြောင်းအရာ ...................................................................................... ၃၆

ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ ....................... ၃၈

သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ............................................ ၄၀

ဖရူဆိုမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း ................................................................... ၄၆

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နှစ်ပေါင်း (၃၀) ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် တစ်ကြိမ်ကောက်ယူ ခဲ့ပါသည်။

နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကို ရရှိနိုင်သည့် အရေးကြီးသော ရင်းမြစ်တစ်ခု ဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသော အရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ကောက်ယူရရှိသော အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားပေါ် အခြေခံသောဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသောအချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ စသည်တို့အတွက် အသုံးဝင်ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများကို အတွဲများအလိုက် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာများကို ၂၀၁၅ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပင်မအစီရင်ခံစာများတွင် ပြည်ထောင်စုအဆင့် အစီရင်ခံစာ၊ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခု၏ သန်းခေါင်စာရင်း အစီရင်ခံစာများ ပါဝင်ပါသည်။ အလုပ်အကိုင်နှင့်လုပ်ငန်း အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အစီရင်ခံစာများကို http://www.dop.gov.mm/ နှင့် http://myanmar.unfpa. org/node/15104 တို့တွင်ဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာများသည် မြို့နယ်/မြို့နယ်ခွဲများ၏ သန်းခေါင်စာရင်း အစီရင်ခံစာများဖြစ်ပါသည်။ အစီရင်ခံစာများကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၏ လူဦးရေဆိုင်ရာ

အချက်အလက်များနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။ အစီရင်ခံစာပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ည သန်းခေါင်ယံအချိန် (သန်းခေါင်စာရင်းည) တွင်ရှိသည့် အချက်အလက်များ ဖြစ်ပါသည်။ မြို့နယ်အဆင့်အချက်အလက်များသည် အလွန်အရေးကြီးပါသည်။ သို့ရာတွင် မြို့နယ်အဆင့် ခန့်မှန်းတွက်ချက်မှုများ၏ တိကျမှန်ကန်မှုသည် ပြည်ထောင်စုအဆင့်နှင့် တူညီနိုင်မည်မဟုတ်ပေ။ လူဦးရေနည်းပါးသည့် မြို့နယ်များ၏ အချက် အလက်များကို လေ့လာဆန်းစစ်ရာတွင် သတိပြု၍ လေ့လာသုံးသပ်ရမည်ဖြစ်ပါသည်။ တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းကဲ့သို့သော ညွှန်ကိန်းများကို အခြားသောဆက်နွယ်မှုရှိသည့် အကြောင်းအရာ အချက်အလက်များ ထည့်သွင်းစဉ်းစား၍ လေ့လာဆန်းစစ်သုံးသပ်ရပါမည်။ သို့ဖြစ်၍ လူဦးရေနည်းပါးသည့် မြို့နယ်များအတွက် သေဆုံးခြင်းဆိုင်ရာ ခန့်မှန်းတွက်ချက်မှုများကို အတိအကျမယူဆသင့်ဘဲ ထိုမြို့နယ်များ၏ သေဆုံးခြင်းဆိုင်ရာ အခြေအနေများအတွက် အထိုက် အလျောက်ပြဆိုသော ညွှန်ကိန်းများအဖြစ်ယူဆရပါမည်။ ထို့ပြင် မြို့နယ်အချင်းချင်းနှိုင်းယှဉ်ရာတွင်လည်း မည်သည့်မြို့နယ်သည် အခြေအနေပိုမိုကောင်းမွန်သည်၊ မည်သည့်မြို့နယ်သည် အားနည်းသည်ဟူ၍ ကောက်ချက်ချနိုင်ပါသည်။

# ဖရူဆိုမြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၂၉,၃၇၄ * | | |
| ကျား ဦးရေ | ၁၄,၄၃၇ | | |
| မ ဦးရေ | ၁၄,၉၃၇ | | |
| ကျား/မ အချိုး | ၉၇ (မ ၁၀၀ ရှိ ကျား ဦးရေ) | | |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၁၄.၄% | | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၁,၆၆၅.၁ ** | | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၁၇.၆ ဦး | | |
| ရပ်ကွက် စုစုပေါင်း | ၅ | | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၁၄ | | |
| | စုစုပေါင်း | မြို့ပြ | ကျေးလက် |
| အိမ်ထောင်စုလူဦးရေ | ၂၈,၃၁၈ | ၃,၉၁၇ | ၂၄,၄၀၁ |
| အိမ်ထောင်စုအရေအတွက် | ၅,၉၁၀ | ၈၅၃ | ၅,၀၅၇ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၈ ဦး *** | | |

- ဖရူဆိုမြို့နယ်တွင် မ ဦးရေသည် ကျား ဦးရေထက် အနည်းငယ်ပိုများပြီး မ (၁၀၀) ဦးတွင် ကျား (၉၇) ဦးရှိပါသည်။
- ဖရူဆိုမြို့နယ်တွင် လူအများစုသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး (၁၄.၄) ရာခိုင်နှုန်းသာလျှင် မြို့ပြဒေသတွင် နေထိုင်ကြပါသည်။
- ဖရူဆိုမြို့နယ်၌ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ (၁၈) ဦးနေထိုင်ပါသည်။
- ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စုတစ်စုစီ၌ ပျမ်းမျှလူဦးရေ (၄.၈) ဦးနေထိုင်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုလူဦးရေ (၄.၄) ဦးထက်အနည်းငယ်များပါသည်။

မှတ်ချက်။ * အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

** ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

*** အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

**ဇယား (၁) - ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၏ မြို့ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုအရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း**

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| | **စုစုပေါင်း** | **၅,၉၁၀** | **၂၉,၃၇၄** | **၁၄,၄၃၇** | **၁၄,၉၃၇** |
| | **မြို့ရပ်ကွက်များ** | **၈၅၃** | **၄,၂၄၀** | **၂,၁၄၄** | **၂,၀၉၆** |
| ၁ | ညောင်ဇင်ရပ်ကွက် | ၂၀၃ | ၉၄၆ | ၄၅၁ | ၄၉၅ |
| ၂ | ထီးတရဲရပ်ကွက် | ၃၄၁ | ၁,၇၅၉ | ၉၅၅ | ၈၀၄ |
| ၃ | ထီးကူးဆိုရပ်ကွက် | ၈၀ | ၃၈၆ | ၁၈၅ | ၂၀၁ |
| ၄ | ဒီးဒါးကူးရပ်ကွက် | ၁၁၀ | ၅၈၅ | ၂၈၉ | ၂၉၆ |
| ၅ | လောဘူးဒါးရပ်ကွက် | ၁၁၉ | ၅၆၄ | ၂၆၄ | ၃၀၀ |
| | **ကျေးရွာအုပ်စု** | **၅,၀၅၇** | **၂၅,၁၃၄** | **၁၂,၂၉၃** | **၁၂,၈၄၁** |
| ၁ | ဖရူဆို (မြို့မ) | ၄၄၀ | ၂,၁၃၂ | ၉၈၇ | ၁,၁၄၅ |
| ၂ | ထီးပေါ်ဆို | ၃၆၃ | ၁,၇၇၇ | ၈၅၅ | ၉၂၂ |
| ၃ | ရာဇပရား | ၂၈၁ | ၁,၂၂၇ | ၅၅၈ | ၆၆၉ |
| ၄ | ကေးလျား(ကြက်ဖိုးကြီး) | ၅၀၃ | ၂,၅၈၈ | ၁,၃၁၃ | ၁,၂၇၅ |
| ၅ | မာခရော်ရှေ့ | ၅၅၄ | ၂,၆၄၆ | ၁,၃၂၆ | ၁,၃၂၀ |
| ၆ | မိုဆို | ၃၅၂ | ၁,၇၂၂ | ၈၃၅ | ၈၈၇ |
| ၇ | ဒိုးလာစော | ၃၄၆ | ၁,၈၅၀ | ၈၉၅ | ၉၅၅ |
| ၈ | ဒိုးပရယ် | ၂၆၆ | ၁,၂၅၉ | ၅၉၇ | ၆၆၂ |
| ၉ | ဟိုယာ | ၄၅၄ | ၂,၀၆၃ | ၉၆၉ | ၁,၀၉၄ |
| ၁၀ | ဒိုမိုစော | ၂၉၅ | ၁,၄၉၈ | ၇၇၈ | ၇၂၀ |
| ၁၁ | ရော်ဒေါ်ခေါ | ၂၂၂ | ၁,၂၀၆ | ၅၇၁ | ၆၃၅ |
| ၁၂ | ကေကော | ၃၄၈ | ၁,၇၀၅ | ၈၈၉ | ၈၁၆ |
| ၁၃ | သိုသီးဖို | ၁၄၄ | ၇၅၅ | ၃၆၂ | ၃၉၃ |
| ၁၄ | တော်ခူ | ၄၈၉ | ၂,၇၀၆ | ၁,၃၅၈ | ၁,၃၄၈ |

ပုံ (၂) - အသက်အုပ်စုကြီးများအလိုက်လူဦးရေ




ဇယား (၂) - ဖရူဆိုမြို့နယ်၏အသက်အုပ်စုအလိုက် လူဦးရေ

| အသက်အုပ်စု | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| စုစုပေါင်း | ၂၉,၃၇၄ | ၁၄,၄၃၇ | ၁၄,၉၃၇ |
| ၀ - ၄ | ၄,၁၄၉ | ၂,၀၇၈ | ၂,၀၇၁ |
| ၅ - ၉ | ၃,၈၄၅ | ၁,၉၃၂ | ၁,၉၁၃ |
| ၁၀ - ၁၄ | ၃,၆၂၄ | ၁,၈၂၀ | ၁,၈၀၄ |
| ၁၅ - ၁၉ | ၂,၇၉၄ | ၁,၃၉၃ | ၁,၄၀၁ |
| ၂၀ - ၂၄ | ၂,၃၄၉ | ၁,၁၈၃ | ၁,၁၆၆ |
| ၂၅ - ၂၉ | ၂,၂၂၇ | ၁,၀၉၁ | ၁,၁၃၆ |
| ၃၀ - ၃၄ | ၁,၉၄၀ | ၉၆၁ | ၉၇၉ |
| ၃၅ - ၃၉ | ၁,၆၁၁ | ၇၈၀ | ၈၃၁ |
| ၄၀ - ၄၄ | ၁,၅၄၉ | ၇၂၁ | ၈၂၈ |
| ၄၅ - ၄၉ | ၁,၄၁၈ | ၆၆၅ | ၇၅၃ |
| ၅၀ - ၅၄ | ၁,၂၁၉ | ၅၉၆ | ၆၂၃ |
| ၅၅ - ၅၉ | ၈၉၃ | ၄၀၆ | ၄၈၇ |
| ၆၀ - ၆၄ | ၆၂၆ | ၃၁၆ | ၃၁၀ |
| ၆၅ - ၆၉ | ၄၀၉ | ၁၈၂ | ၂၂၇ |
| ၇၀ - ၇၄ | ၃၂၂ | ၁၄၅ | ၁၇၇ |
| ၇၅ - ၇၉ | ၁၉၂ | ၈၆ | ၁၀၆ |
| ၈၀ - ၈၄ | ၁၃၁ | ၅၀ | ၈၁ |
| ၈၅ - ၈၉ | ၄၇ | ၁၈ | ၂၉ |
| ၉၀ + | ၂၉ | ၁၄ | ၁၅ |

- ဖရူဆိုမြို့နယ်တွင် အသက် (၁၅) နှစ်မှ (၆၄) နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ (၅၆.၆) ရာခိုင်နှုန်းရှိပါသည်။
- အသက် (၁၄) နှစ်နှင့်အောက် ကလေးအချိုးနှင့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုအချိုးစုစုပေါင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးထက်နည်းပါသည်။
- ကလေးအချိုးနှင့် သက်ကြီးရွယ်အိုအချိုးနည်းခြင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအပေါ်မှီခိုမှုကို လျော့နည်းစေပါသည်။

ပုံ (၃) - လူဦးရေပိရမစ် (ပြည်ထောင်စု၊ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်)




- အသက် (၀-၄) အုပ်စုတွင် လူဦးရေသိသာစွာ တိုးနေသည်ကို တွေ့ရှိရပါသည်။ အသက် (၁၅-၁၉) အုပ်စုမှ စတင်၍ လူဦးရေသိသာစွာလျော့နည်းလာသည်ကို တွေ့ရှိရပါသည်။
- ပြည်ထောင်စုနှင့်နှိုင်းယှဉ်လျှင် ဖရူဆိုမြို့နယ်တွင် အလုပ်လုပ်နိုင်သည့် အသက် (၁၅-၆၄) အုပ်စု၏ ရာခိုင်နှုန်းမှာလျော့နည်းနေကြောင်းတွေ့ရှိရပါသည်။
- အသက်အုပ်စု (၂၅-၂၉) မှစ၍ အသက်အုပ်စုတိုင်းတွင် မ ဦးရေသည် ကျား ဦးရေထက် အနည်းငယ်များသည်ကိုတွေ့ရှိရပါသည်။

## (ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ

ပုံ (၄) - ပြည်ထောင်စုနှင့် ကယားပြည်နယ်၏ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေရာခိုင်နှုန်း




- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သူ (၈၇.၉) ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ (၆.၂) ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ (၄.၃) ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ (၀.၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၀.၈) ရာခိုင်နှုန်း၊ အခြားဘာသာ ကိုးကွယ်သူ (၀.၂) ရာခိုင်နှုန်းနှင့် မည်သည့်ဘာသာမျှ မကိုးကွယ်သူ (၀.၁) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။
- ကယားပြည်နယ်တွင် ဗုဒ္ဓဘာသာ (၄၉.၉) ရာခိုင်နှုန်း၊ ခရစ်ယာန် (၄၅.၈) ရာခိုင်နှုန်း၊ အစ္စလာမ် (၁.၁) ရာခိုင်နှုန်း၊ ဟိန္ဒူ (၀.၁) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်မှု (၁.၉) ရာခိုင်နှုန်းနှင့် အခြားဘာသာ (၁.၂) ရာခိုင်နှုန်းရှိပြီး ဘာသာမရှိသူများသည် (၀.၁) ရာခိုင်နှုန်းထက်လျော့နည်းပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ

ဇယား (၃) - အသက် (၅) နှစ်မှ (၂၉) နှစ်အတွင်း လူဦးရေနှင့် ကျောင်းတက်နေသူအရေအတွက်ကို ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက် | လူဦးရေ | | | ကျောင်းတက်နေသူ | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၅ | ၇၆၅ | ၃၈၈ | ၃၇၇ | ၂၃၄ | ၁၁၃ | ၁၂၁ |
| ၆ | ၇၉၀ | ၃၈၃ | ၄၀၇ | ၅၄၂ | ၂၆၄ | ၂၇၈ |
| ၇ | ၇၅၃ | ၃၉၁ | ၃၆၂ | ၆၂၂ | ၃၂၉ | ၂၉၃ |
| ၈ | ၇၆၇ | ၃၈၀ | ၃၈၇ | ၆၄၉ | ၃၁၆ | ၃၃၃ |
| ၉ | ၇၅၉ | ၃၈၄ | ၃၇၅ | ၆၈၀ | ၃၄၄ | ၃၃၆ |
| ၁၀ | ၇၄၄ | ၃၆၄ | ၃၈၀ | ၆၄၇ | ၃၂၄ | ၃၂၃ |
| ၁၁ | ၆၆၄ | ၃၀၈ | ၃၅၆ | ၅၅၁ | ၂၅၀ | ၃၀၁ |
| ၁၂ | ၇၅၃ | ၃၉၅ | ၃၅၈ | ၅၆၉ | ၂၉၁ | ၂၇၈ |
| ၁၃ | ၆၉၇ | ၃၃၇ | ၃၆၀ | ၄၅၈ | ၂၁၅ | ၂၄၃ |
| ၁၄ | ၆၈၆ | ၃၇၁ | ၃၁၅ | ၃၈၉ | ၂၀၀ | ၁၈၉ |
| ၁၅ | ၅၃၇ | ၂၆၅ | ၂၇၂ | ၂၂၈ | ၉၈ | ၁၃၀ |
| ၁၆ | ၅၉၈ | ၂၉၅ | ၃၀၃ | ၂၁၉ | ၉၇ | ၁၂၂ |
| ၁၇ | ၄၉၆ | ၂၄၂ | ၂၅၄ | ၁၃၀ | ၅၃ | ၇၇ |
| ၁၈ | ၅၆၈ | ၂၆၃ | ၃၀၅ | ၁၁၅ | ၄၈ | ၆၇ |
| ၁၉ | ၄၃၃ | ၂၁၉ | ၂၁၄ | ၆၅ | ၂၈ | ၃၇ |
| ၂၀ | ၅၆၄ | ၂၅၇ | ၃၀၇ | ၄၃ | ၂၂ | ၂၁ |
| ၂၁ | ၃၅၉ | ၁၇၄ | ၁၈၅ | ၁၉ | ၁၁ | ၈ |
| ၂၂ | ၄၁၇ | ၁၈၀ | ၂၃၇ | ၁၂ | ၄ | ၈ |
| ၂၃ | ၄၁၉ | ၁၉၈ | ၂၂၁ | ၁၃ | ၉ | ၄ |
| ၂၄ | ၃၉၂ | ၁၉၈ | ၁၉၄ | ၁၀ | ၅ | ၅ |
| ၂၅ | ၄၈၃ | ၂၃၅ | ၂၄၈ | ၆ | ၁ | ၅ |
| ၂၆ | ၄၀၈ | ၁၇၄ | ၂၃၄ | ၄ | ၁ | ၃ |
| ၂၇ | ၃၈၈ | ၁၈၁ | ၂၀၇ | ၂ | - | ၂ |
| ၂၈ | ၄၀၉ | ၁၆၈ | ၂၄၁ | ၄ | ၁ | ၃ |
| ၂၉ | ၃၄၉ | ၁၆၃ | ၁၈၆ | ၃ | ၂ | ၁ |

ပုံ (၅) - ပြည်ထောင်စု၊ ကယားပြည်နယ်နှင့် ဖရူဆိုမြို့နယ်တို့၏ ကျောင်းတက်ရောက်မှုအခြေအနေ




ပုံ (၆) - ပြည်ထောင်စုနှင့် ဖရူဆိုမြို့နယ်တို့၏ ကျား/မ အလိုက် ကျောင်းတက်ရောက်မှုအခြေအနေ




- ဖရူဆိုမြို့နယ်၌ ယောကျ်ားလေးများနှင့် မိန်းကလေးများသည် အသက် (၁၀) နှစ်အရွယ်မှ စတင်၍ ကျောင်းတက်ရောက်မှုနှုန်း လျော့ကျလာကြောင်း တွေ့ရှိရပါသည်။
- ပြည်ထောင်စုနှင့် နှိုင်းယှဥ်ရာတွင် ဖရူဆိုမြို့နယ်မှ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုနှုန်းသည် အသက် (၁၉) နှစ်ကျော်တွင် အနည်းငယ်ကျဆင်းနေကြောင်း တွေ့ရှိရပါသည်။

ပုံ (၇) - ကယားပြည်နယ်၏ စာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်)



## ဇယား (၄) - ဖရူဆိုမြို့နယ်၏ လူငယ်လူရွယ် (၁၅-၂၄) စာတတ်မြောက်မှုရာခိုင်နှုန်း

| ကျား/မ | စုစုပေါင်း လူဦးရေ (၁၅ - ၂၄) | စာတတ်မြောက်မှု ရာခိုင်နှုန်း (၁၅ - ၂၄) |
|---|---|---|
| စုစုပေါင်း | ၄,၇၈၃ | ၉၀.၃ |
| ကျား | ၂,၂၉၁ | ၉၂.၁ |
| မ | ၂,၄၉၂ | ၈၈.၇ |

- ဖရူဆိုမြို့နယ်၏ အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၇၀.၈) ရာခိုင်နှုန်းဖြစ်ပြီး ကယားပြည်နယ်၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၈၂.၁) နှင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၈၉.၅) ထက်နိမ့်ပါသည်။ မ စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၆၄.၆) ဖြစ်ပြီး ကျား စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၇၇.၉) ဖြစ်ပါသည်။
- ဖရူဆိုမြို့နယ်၏ အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၀.၃) ဖြစ်ပါသည်။ မ လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၈၈.၇) ဖြစ်ပြီး ကျား လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၂.၁) ဖြစ်ပါသည်။

## ဇယား (၅) - အသက် (၂၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းအလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား

| | စုစုပေါင်း | အတန်းမရှိ | လုံးဝ ကျောင်းမနေဘူးသူ ရာခိုင်နှုန်း | မူလတန်း | | အလယ်တန်း (၅ တန်းမှ ၈ တန်းထိ) | အထက်တန်း (၉ တန်းမှ ၁၀ တန်းထိ) | ဒီပလိုမာ | တက္ကသိုလ်/ ကောလိပ် | ဘွဲ့လွန်နှင့် အထက် | အသက်မွေး ဝမ်းကျောင်း သင်တန်း | အခြား |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သူငယ်တန်းမှ ၃ တန်းထိ | ၄ တန်း | | | | | | | |
| စုစုပေါင်း | ၁၂,၆၁၃ | ၄,၄၁၈ | ၃၅.၀ | ၃,၅၅၃ | ၁,၁၇၇ | ၁,၉၈၂ | ၁,၀၂၉ | ၃၀ | ၃၆၇ | ၃၆ | ၁၅ | ၆ |
| မြို့ပြ | ၂,၀၀၆ | ၃၃၄ | ၁၆.၇ | ၃၂၀ | ၂၃၉ | ၄၉၈ | ၃၇၁ | ၁၂ | ၂၀၂ | ၂၁ | ၈ | - |
| ကျေးလက် | ၁၀,၆၀၇ | ၄,၀၈၄ | ၃၈.၅ | ၃,၂၃၂ | ၉၃၈ | ၁,၄၈၄ | ၆၅၈ | ၁၈ | ၁၆၅ | ၁၅ | ၇ | ၆ |
| ကျား | ၆,၀၃၁ | ၁,၅၂၄ | ၂၅.၃ | ၁,၈၉၀ | ၆၉၂ | ၁,၁၆၃ | ၅၀၂ | ၁၉ | ၁၉၄ | ၃၀ | ၁၃ | ၄ |
| မ | ၆,၅၈၂ | ၂,၈၉၄ | ၄၄.၀ | ၁,၆၆၃ | ၄၈၅ | ၈၁၉ | ၅၂၇ | ၁၁ | ၁၇၃ | ၆ | ၂ | ၂ |

- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၃၅.၀) ရာခိုင်နှုန်းသည် လုံးဝ ကျောင်းမနေဘူးသူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် ကျေးလက်လူဦးရေ၏ (၃၈.၅) ရာခိုင်နှုန်းမှာ လုံးဝ ကျောင်းမနေဘူးသူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် အမျိုးသားများ၏ (၂၅.၃) ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ (၄၄.၀) ရာခိုင်နှုန်းမှာ လုံးဝ ကျောင်းမနေဘူးသူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၉.၃) ရာခိုင်နှုန်းသည် မူလတန်းအဆင့် (၄ တန်း) ပြီးစီးအောင်မြင်သူများဖြစ်ပြီး တက္ကသိုလ်/ကောလိပ်အဆင့်ပြီးစီးသူမှာ (၂.၉) ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ

ဇယား (၆) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းနှင့် အလုပ်လက်မဲ့ ရာခိုင်နှုန်းတို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လုပ်သားအင်အားပါဝင်နှုန်း | | | အလုပ်လက်မဲ့ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၁၀-၁၄ | ၁၆.၃ | ၁၇.၀ | ၁၅.၆ | ၂.၅ | ၂.၉ | ၂.၁ |
| ၁၅ - ၁၉ | ၆၅.၅ | ၇၀.၂ | ၆၀.၇ | ၄.၈ | ၅.၉ | ၃.၅ |
| ၂၀ - ၂၄ | ၈၉.၉ | ၉၂.၉ | ၈၆.၈ | ၄.၅ | ၄.၇ | ၄.၃ |
| ၂၅ - ၂၉ | ၉၃.၆ | ၉၈.၀ | ၈၉.၄ | ၁.၄ | ၁.၈ | ၁.၀ |
| ၃၀ - ၃၄ | ၉၃.၃ | ၉၈.၂ | ၈၈.၅ | ၁.၂ | ၁.၅ | ၀.၈ |
| ၃၅ - ၃၉ | ၉၃.၅ | ၉၇.၉ | ၈၉.၃ | ၀.၅ | ၀.၃ | ၀.၇ |
| ၄၀ - ၄၄ | ၉၃.၅ | ၉၇.၆ | ၉၀.၀ | ၀.၁ | ၀.၁ | ၀.၁ |
| ၄၅ - ၄၉ | ၉၂.၅ | ၉၇.၇ | ၈၇.၉ | ၀.၁ | ၀.၂ | - |
| ၅၀ - ၅၄ | ၉၀.၆ | ၉၅.၃ | ၈၆.၂ | ၀.၁ | ၀.၂ | - |
| ၅၅ - ၅၉ | ၈၇.၈ | ၉၁.၄ | ၈၄.၈ | - | - | - |
| ၆၀ - ၆၄ | ၇၃.၃ | ၇၉.၄ | ၆၇.၁ | ၀.၂ | - | ၀.၅ |
| ၆၅ - ၆၉ | ၅၉.၄ | ၆၆.၅ | ၅၃.၇ | ၀.၄ | ၀.၈ | - |
| ၇၀ - ၇၄ | ၄၁.၀ | ၅၃.၁ | ၃၀.၁ | - | - | - |
| ၇၅ + | ၂၄.၁ | ၃၁.၀ | ၁၉.၀ | ၂.၁ | - | ၄.၅ |
| ၁၅ နှစ်မှ ၂၄ နှစ် | ၇၆.၆ | ၈၀.၆ | ၇၂.၆ | ၄.၇ | ၅.၃ | ၄.၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | ၈၆.၉ | ၉၁.၂ | ၈၂.၈ | ၁.၇ | ၂.၀ | ၁.၄ |







- ဖရူဆိုမြို့နယ်၏ အသက် (၁၅-၆၄) နှစ်အုပ်စုတွင် လုပ်သားအင်အားပါဝင်နှုန်းမှာ (၈၆.၉) ရာခိုင်နှုန်းရှိပါသည်။
- အမျိုးသမီး လုပ်သားအင်အားပါဝင်နှုန်းသည် (၈၂.၈) ရာခိုင်နှုန်းရှိပြီး အမျိုးသား လုပ်သားအင်အားပါဝင်နှုန်း (၉၁.၂) ရာခိုင်နှုန်းထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။
- ဖရူဆိုမြို့နယ်၏ အသက် (၁၀-၁၄) နှစ်အုပ်စုတွင် အလုပ်လုပ်သောကလေး (၁၆.၃) ရာခိုင်နှုန်းရှိကြောင်းတွေ့ရှိရပါသည်။
- အသက် (၁၅-၆၄) နှစ်အုပ်စု၏ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ (၁.၇) ဖြစ်ပါသည်။ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ကျား (၂.၀) ရာခိုင်နှုန်းနှင့် မ (၁.၄) ရာခိုင်နှုန်းအသီးသီးရှိကြပြီး ကျား မ ကွာခြားမှုနည်းပါးသည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း အမျိုးသမီးငယ်များ၏ အလုပ်လက်မဲ့နှုန်းမှာ (၄.၀) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၇) - အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သောလူဦးရေကို အမျိုးအစားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| ကျား/မ | လုပ်သားအင်အားစုတွင် မပါဝင်သူ | | | | | | |
|---|---|---|---|---|---|---|---|
| | စုစုပေါင်း | အလုပ်မရှာခဲ့ပါ | အချိန်ပြည့်ကျောင်းတက်သောကျောင်းသား | အိမ်မှုကိစ္စလုပ် | အငြိမ်းစား၊ သက်ကြီးရွယ်အို | ဖျားနာသူ၊ မသန်စွမ်းသူ | အခြား |
| စုစုပေါင်း | ၅,၈၆၈ | ၁.၁ | ၆၂.၆ | ၁၉.၂ | ၁၀.၇ | ၁.၉ | ၄.၅ |
| ကျား | ၂,၄၇၀ | ၂.၁ | ၇၁.၇ | ၇.၈ | ၁၀.၉ | ၂.၂ | ၅.၃ |
| မ | ၃,၃၉၈ | ၀.၄ | ၅၆.၀ | ၂၇.၄ | ၁၀.၅ | ၁.၆ | ၄.၀ |

- အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သူများ၌ အမျိုးသားများ၏ (၇၁.၇) ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ (၅၆.၀) ရာခိုင်နှုန်းတို့သည် အချိန်ပြည့်ကျောင်းတက်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ဇယား (၈) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို အလုပ်အကိုင်အမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| အလုပ်အကိုင်အမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | **၁၃,၃၇၀** | **၆,၅၂၅** | **၆,၈၄၅** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| မန်နေဂျာများ | ၅၅ | ၃၀ | ၂၅ | ၀.၄ | ၀.၅ | ၀.၄ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၁၇၈ | ၃၄ | ၁၄၄ | ၁.၃ | ၀.၅ | ၂.၁ |
| နည်းပညာနှင့် ဆက်စပ်သည့် သက်မွေးပညာရှင်များ | ၃၂၉ | ၂၇၁ | ၅၈ | ၂.၅ | ၄.၂ | ၀.၈ |
| အထောက်အပံ့ပြုစာရေးလုပ်သားများ | ၁၄၂ | ၇၅ | ၆၇ | ၁.၁ | ၁.၁ | ၁.၀ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၂၃၃ | ၈၈ | ၁၄၅ | ၁.၇ | ၁.၃ | ၂.၁ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၁၁,၈၀၈ | ၅,၆၀၉ | ၆,၁၉၉ | ၈၈.၃ | ၈၆.၀ | ၉၀.၆ |
| လက်မှုပညာနှင့်ဆက်စပ် လုပ်ငန်း အလုပ်သမားများ | ၁၆၉ | ၁၄၄ | ၂၅ | ၁.၃ | ၂.၂ | ၀.၄ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများနှင့် စုစည်းတပ်ဆင်သူများ | ၁၀၆ | ၁၀၄ | ၂ | ၀.၈ | ၁.၆ | * |
| အခြေခံအလုပ်သမားများ | ၁၃၁ | ၇၅ | ၅၆ | ၁.၀ | ၁.၁ | ၀.၈ |
| အခြား | - | - | - | - | - | - |
| မသိ/မဖြေ | ၂၁၉ | ၉၅ | ၁၂၄ | ၁.၆ | ၁.၅ | ၁.၈ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

**ပုံ (၁၀) - ပြည်ထောင်စု၊ ကယားပြည်နယ်နှင့် ဖရူဆိုမြို့နယ်တို့၏ အသက် (၁၅ - ၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် အလုပ်အကိုင်အမျိုးအစား**




- ဖရူဆိုမြို့နယ်တွင် အသက် (၁၅-၆၄) အုပ်စုရှိ အလုပ်ရှိသူ (၈၈.၃) ရာခိုင်နှုန်းမှာ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများဖြစ်ကြပြီး ဒုတိယအများဆုံးမှာ နည်းပညာနှင့် ဆက်စပ်သည့်သက်မွေးပညာရှင်များ (၂.၅) ရာခိုင်နှုန်း ဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၈၆.၀) ရာခိုင်နှုန်းနှင့် မ ဦးရေ (၉၀.၆) ရာခိုင်နှုန်းတို့သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများဖြစ်သည်ကို တွေ့ရှိရပါသည်။
- ကယားပြည်နယ်တွင် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများမှာ (၆၁.၈) ရာခိုင်နှုန်းဖြစ်ပြီး နည်းပညာနှင့်ဆက်စပ်သည့်သက်မွေးပညာရှင်များမှာ (၃.၃) ရာခိုင်နှုန်းဖြစ်ပါသည်။

## ဇယား (၉) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို လုပ်ကိုင်သောလုပ်ငန်းအမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| လုပ်ငန်းအမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | ၁၃,၃၇၀ | ၆,၅၂၅ | ၆,၈၄၅ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၁၁,၈၃၄ | ၅,၆၃၃ | ၆,၂၀၁ | ၈၈.၅ | ၈၆.၃ | ၉၀.၆ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၃၀ | ၂၈ | ၂ | ၀.၂ | ၀.၄ | * |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၃၉ | ၂၅ | ၁၄ | ၀.၃ | ၀.၄ | ၀.၂ |
| လျှပ်စစ်၊ ဓါတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးပြန့်ဖြူးမှုလုပ်ငန်း | - | - | - | - | - | - |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး စီမံခန့်ခွဲမှုလုပ်ငန်း | - | - | - | - | - | - |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၀၇ | ၁၀၄ | ၃ | ၀.၈ | ၁.၆ | * |
| လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) | ၁၂၉ | ၃၂ | ၉၇ | ၁.၀ | ၀.၅ | ၁.၄ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းများ | ၉၉ | ၉၈ | ၁ | ၀.၇ | ၁.၅ | * |
| တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ | ၄၁ | ၇ | ၃၄ | ၀.၃ | ၀.၁ | ၀.၅ |
| သတင်းအချက်အလက်နှင့်  ဆက်သွယ်ရေးလုပ်ငန်းများ | ၃ | ၂ | ၁ | * | * | * |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | - | - | - | - | - | - |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | - | - | - | - | - | - |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံပညာနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ | ၂ | ၂ | - | * | * | - |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာလုပ်ငန်းများ | ၄ | - | ၄ | * | - | ၀.၁ |
| ပြည်သူ့အုပ်ချုပ်ရေး (ပြည်သူ့ဝန်ထမ်းများအပါအဝင်) | ၄၃၄ | ၃၆၃ | ၇၁ | ၃.၂ | ၅.၆ | ၁.၀ |
| ပညာရေးဆိုင်ရာလုပ်ငန်းများ | ၂၃၀ | ၅၆ | ၁၇၄ | ၁.၇ | ၀.၉ | ၂.၅ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၉၂ | ၂၁ | ၇၁ | ၀.၇ | ၀.၃ | ၁.၀ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးလုပ်ငန်းများ | - | - | - | - | - | - |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၄၄ | ၂၅ | ၁၉ | ၀.၃ | ၀.၄ | ၀.၃ |
| ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၂ | - | ၂ | * | - | * |
| သံတမန်အခွင့်အရေးရအဖွဲ့အစည်းများ၏လုပ်ငန်းများ | - | - | - | - | - | - |
| အလုပ်အကိုင်အမျိုးအစားဖော်ပြထားခြင်းမရှိသောလုပ်ငန်းများ | ၂၈၀ | ၁၂၉ | ၁၅၁ | ၂.၁ | ၂.၀ | ၂.၂ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

**ပုံ (၁၁) - ပြည်ထောင်စု၊ ကယားပြည်နယ်နှင့် ဖရူဆိုမြို့နယ်တို့၏ အသက် (၁၅ - ၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် လုပ်ကိုင်သော လုပ်ငန်းအမျိုးအစား**




- ဖရူဆိုမြို့နယ်၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် အများဆုံးလုပ်ကိုင်ကြပြီး (၈၈.၅) ရာခိုင်နှုန်းရှိပါသည်။
- ပြည်သူ့အုပ်ချုပ်ရေး (ပြည်သူ့ဝန်ထမ်းများအပါအဝင်) လုပ်ငန်းတွင် ဒုတိယအများဆုံးလုပ်ကိုင်ကြပြီး (၃.၂) ရာခိုင်နှုန်းရှိပါသည်။
- လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူ အမျိုးသား (၈၆.၃) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၉၀.၆) ရာခိုင်နှုန်းရှိပါသည်။
- ကယားပြည်နယ်၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၆၃.၂) ရာခိုင်နှုန်းရှိပြီး ပြည်သူ့အုပ်ချုပ်ရေး (ပြည်သူ့ဝန်ထမ်းများအပါအဝင်) လုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၅.၀) ရာခိုင်နှုန်းရှိပါသည်။

## (င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ

**ဇယား (၁၀) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားအလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| | နိုင်ငံသား စိစစ်ရေးကတ် | ဧည့်နိုင်ငံသားကတ် | နိုင်ငံသား ပြုခွင့် ရသူကတ် | အမျိုးသား မှတ်ပုံတင် ကတ် | သာသနာ့ဝင် ကတ် | ယာယီ သက်သေခံ ကတ် | နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် | နိုင်ငံခြားသား နိုင်ငံကူး လက်မှတ် | မည်သည့် ကတ်မှမကိုင် ဆောင်သူ |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၁၉,၃၄၃ | * | * | ၆၅ | ၃၂ | - | * | - | ၁,၉၂၇ |
| မြို့ပြ | ၃,၁၇၉ | - | - | ၆ | ၁၂ | - | - | - | ၁၃၁ |
| ကျေးလက် | ၁၆,၁၆၄ | * | * | ၅၉ | ၂၀ | - | * | - | ၁,၇၉၆ |
| ကျား | ၉,၅၀၅ | - | * | ၂၃ | ၁၄ | - | * | - | ၈၇၆ |
| မ | ၉,၈၃၈ | * | * | ၄၂ | ၁၈ | - | - | - | ၁,၀၅၁ |

မှတ်ချက်။ * စုစုပေါင်းကတ်အရေအတွက် (၂၀) ထက်နည်းပါသည်။

ပုံ (၁၂) - ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ




- ဖရူဆိုမြို့နယ်တွင် အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ (၉၀.၅) ရာခိုင်နှုန်းသည် နိုင်ငံသား စိစစ်ရေးကတ်ကိုင်ဆောင်သူများဖြစ်ပြီး (၉.၀) ရာခိုင်နှုန်းသည် မည်သည့်ကတ်မှ မကိုင်ဆောင် သူများဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၈.၄) ရာခိုင်နှုန်းနှင့် မ ဦးရေ (၉.၆) ရာခိုင်နှုန်းတို့သည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (စ) မသန်စွမ်းမှုအကြောင်းအရာ

ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| စုစုပေါင်း | ၂၉,၃၇၄ | ၂၇,၈၃၆ | ၁,၅၃၈ | ၅.၂ | ၆၈၇ | ၇၀၄ | ၇၂၂ | ၆၄၈ |
| ၀ - ၄ | ၄,၁၄၉ | ၄,၁၀၂ | ၄၇ | ၁.၁ | ၁၀ | ၁၃ | ၂၂ | ၁၄ |
| ၅ - ၉ | ၃,၈၄၅ | ၃,၇၅၇ | ၈၈ | ၂.၃ | ၁၃ | ၃၄ | ၂၉ | ၃၉ |
| ၁၀ - ၁၄ | ၃,၆၂၄ | ၃,၅၄၆ | ၇၈ | ၂.၂ | ၈ | ၃၁ | ၂၅ | ၄၀ |
| ၁၅ - ၁၉ | ၂,၇၉၄ | ၂,၇၄၃ | ၅၁ | ၁.၈ | ၉ | ၂၃ | ၁၆ | ၂၄ |
| ၂၀ - ၂၄ | ၂,၃၄၉ | ၂,၃၁၃ | ၃၆ | ၁.၅ | ၉ | ၁၄ | ၁၁ | ၁၈ |
| ၂၅ - ၂၉ | ၂,၂၂၇ | ၂,၁၈၃ | ၄၄ | ၂.၀ | ၁၀ | ၁၇ | ၁၉ | ၁၆ |
| ၃၀ - ၃၄ | ၁,၉၄၀ | ၁,၈၉၀ | ၅၀ | ၂.၆ | ၆ | ၂၂ | ၁၈ | ၁၅ |
| ၃၅ - ၃၉ | ၁,၆၁၁ | ၁,၅၄၇ | ၆၄ | ၄.၀ | ၂၀ | ၂၀ | ၂၇ | ၁၉ |
| ၄၀ - ၄၄ | ၁,၅၄၉ | ၁,၄၆၄ | ၈၅ | ၅.၅ | ၄၀ | ၃၀ | ၃၇ | ၂၆ |
| ၄၅ - ၄၉ | ၁,၄၁၈ | ၁,၂၉၉ | ၁၁၉ | ၈.၄ | ၅၉ | ၃၇ | ၄၃ | ၂၆ |
| ၅၀ - ၅၄ | ၁,၂၁၉ | ၁,၀၅၉ | ၁၆၀ | ၁၃.၁ | ၉၀ | ၆၀ | ၆၈ | ၅၈ |
| ၅၅ - ၅၉ | ၈၉၃ | ၇၄၆ | ၁၄၇ | ၁၆.၅ | ၈၀ | ၆၂ | ၇၀ | ၅၅ |
| ၆၀ - ၆၄ | ၆၂၆ | ၄၈၉ | ၁၃၇ | ၂၁.၉ | ၇၁ | ၆၃ | ၆၉ | ၆၆ |
| ၆၅ - ၆၉ | ၄၀၉ | ၃၀၂ | ၁၀၇ | ၂၆.၂ | ၆၀ | ၆၅ | ၅၆ | ၅၅ |
| ၇၀ - ၇၄ | ၃၂၂ | ၂၀၉ | ၁၁၃ | ၃၅.၁ | ၆၆ | ၆၃ | ၆၄ | ၆၀ |
| ၇၅ - ၇၉ | ၁၉၂ | ၁၀၀ | ၉၂ | ၄၇.၉ | ၅၈ | ၆၄ | ၆၂ | ၄၄ |
| ၈၀ - ၈၄ | ၁၃၁ | ၆၄ | ၆၇ | ၅၁.၁ | ၄၄ | ၄၁ | ၄၈ | ၃၉ |
| ၈၅ - ၈၉ | ၄၇ | ၁၅ | ၃၂ | ၆၈.၁ | ၁၇ | ၂၇ | ၂၂ | ၁၈ |
| ၉၀ + | ၂၉ | ၈ | ၂၁ | ၇၂.၄ | ၁၅ | ၁၈ | ၁၆ | ၁၆ |

## ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| ကျား | ၁၄,၄၃၇ | ၁၃,၇၃၇ | ၇၀၀ | ၄.၈ | ၂၈၅ | ၃၂၃ | ၃၀၄ | ၂၆၇ |
| ၀ - ၄ | ၂,၀၇၈ | ၂,၀၅၂ | ၂၆ | ၁.၃ | ၆ | ၉ | ၁၂ | ၆ |
| ၅ - ၉ | ၁,၉၃၂ | ၁,၈၈၁ | ၅၁ | ၂.၆ | ၆ | ၂၀ | ၁၆ | ၂၂ |
| ၁၀ - ၁၄ | ၁,၈၂၀ | ၁,၇၈၀ | ၄၀ | ၂.၂ | ၅ | ၁၆ | ၁၄ | ၂၂ |
| ၁၅ - ၁၉ | ၁,၃၉၃ | ၁,၃၆၆ | ၂၇ | ၁.၉ | ၅ | ၁၃ | ၇ | ၉ |
| ၂၀ - ၂၄ | ၁,၁၈၃ | ၁,၁၆၃ | ၂၀ | ၁.၇ | ၇ | ၉ | ၅ | ၁၀ |
| ၂၅ - ၂၉ | ၁,၀၉၁ | ၁,၀၇၂ | ၁၉ | ၁.၇ | ၄ | ၅ | ၉ | ၄ |
| ၃၀ - ၃၄ | ၉၆၁ | ၉၃၄ | ၂၇ | ၂.၈ | ၄ | ၁၁ | ၁၁ | ၆ |
| ၃၅ - ၃၉ | ၇၈၀ | ၇၄၇ | ၃၃ | ၄.၂ | ၁၀ | ၁၃ | ၁၀ | ၈ |
| ၄၀ - ၄၄ | ၇၂၀ | ၆၉၀ | ၃၀ | ၄.၃ | ၁၂ | ၁၀ | ၁၀ | ၇ |
| ၄၅ - ၄၉ | ၆၆၅ | ၆၁၀ | ၅၅ | ၈.၃ | ၂၇ | ၁၇ | ၁၉ | ၁၄ |
| ၅၀ - ၅၄ | ၅၉၆ | ၅၂၀ | ၇၆ | ၁၂.၆ | ၄၃ | ၂၀ | ၂၇ | ၂၄ |
| ၅၅ - ၅၉ | ၄၀၆ | ၃၄၅ | ၆၁ | ၁၅.၀ | ၃၄ | ၄၁ | ၃၀ | ၂၂ |
| ၆၀ - ၆၄ | ၃၁၆ | ၂၄၈ | ၆၈ | ၂၁.၅ | ၃၄ | ၃၄ | ၃၃ | ၂၉ |
| ၆၅ - ၆၉ | ၁၈၂ | ၁၄၀ | ၄၂ | ၂၃.၁ | ၂၀ | ၂၈ | ၂၆ | ၂၀ |
| ၇၀ - ၇၄ | ၁၄၅ | ၉၆ | ၄၉ | ၃၃.၈ | ၂၆ | ၃၀ | ၂၆ | ၂၆ |
| ၇၅ - ၇၉ | ၈၆ | ၅၇ | ၂၉ | ၃၃.၇ | ၁၆ | ၂၅ | ၁၇ | ၁၂ |
| ၈၀ - ၈၄ | ၅၀ | ၂၄ | ၂၆ | ၅၂.၀ | ၁၅ | ၁၃ | ၁၈ | ၁၂ |
| ၈၅ - ၈၉ | ၁၈ | ၈ | ၁၀ | ၅၅.၆ | ၃ | ၁၀ | ၅ | ၄ |
| ၉၀ + | ၁၄ | ၃ | ၁၁ | ၇၈.၆ | ၆ | ၉ | ၈ | ၉ |

ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူဦးရေ | မသန်စွမ်းသူဦးရေ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | မသန်စွမ်းမှုရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း |
| မ | ၁၄,၉၃၇ | ၁၄,၀၉၉ | ၈၃၈ | ၅.၆ | ၄၀၂ | ၃၈၁ | ၄၁၈ | ၃၈၁ |
| ၀ - ၄ | ၂,၀၇၁ | ၂,၀၅၀ | ၂၁ | ၁.၀ | ၄ | ၄ | ၁၀ | ၈ |
| ၅ - ၉ | ၁,၉၁၃ | ၁,၈၇၆ | ၃၇ | ၁.၉ | ၇ | ၁၄ | ၁၃ | ၁၇ |
| ၁၀ - ၁၄ | ၁,၈၀၄ | ၁,၇၆၆ | ၃၈ | ၂.၁ | ၃ | ၁၅ | ၁၁ | ၁၈ |
| ၁၅ - ၁၉ | ၁,၄၀၁ | ၁,၃၇၇ | ၂၄ | ၁.၇ | ၄ | ၁၀ | ၉ | ၁၅ |
| ၂၀ - ၂၄ | ၁,၁၆၆ | ၁,၁၅၀ | ၁၆ | ၁.၄ | ၂ | ၅ | ၆ | ၈ |
| ၂၅ - ၂၉ | ၁,၁၃၆ | ၁,၁၁၁ | ၂၅ | ၂.၂ | ၆ | ၁၂ | ၁၀ | ၁၂ |
| ၃၀ - ၃၄ | ၉၇၉ | ၉၅၆ | ၂၃ | ၂.၃ | ၂ | ၁၁ | ၇ | ၉ |
| ၃၅ - ၃၉ | ၈၃၁ | ၈၀၀ | ၃၁ | ၃.၇ | ၁၀ | ၇ | ၁၇ | ၁၁ |
| ၄၀ - ၄၄ | ၈၂၈ | ၇၇၄ | ၅၄ | ၆.၅ | ၂၉ | ၂၀ | ၂၆ | ၁၉ |
| ၄၅ - ၄၉ | ၇၅၃ | ၆၈၉ | ၆၄ | ၈.၅ | ၃၂ | ၂၀ | ၂၄ | ၁၂ |
| ၅၀ - ၅၄ | ၆၂၃ | ၅၃၈ | ၈၅ | ၁၃.၆ | ၄၇ | ၄၀ | ၄၀ | ၃၄ |
| ၅၅ - ၅၉ | ၄၈၇ | ၄၀၁ | ၈၆ | ၁၇.၇ | ၄၆ | ၃၀ | ၄၀ | ၃၃ |
| ၆၀ - ၆၄ | ၃၁၀ | ၂၄၁ | ၆၉ | ၂၂.၃ | ၃၇ | ၂၉ | ၃၆ | ၃၇ |
| ၆၅ - ၆၉ | ၂၂၇ | ၁၆၂ | ၆၅ | ၂၈.၆ | ၃၉ | ၃၇ | ၃၀ | ၃၄ |
| ၇၀ - ၇၄ | ၁၇၇ | ၁၁၃ | ၆၄ | ၃၆.၂ | ၄၀ | ၃၃ | ၃၈ | ၃၄ |
| ၇၅ - ၇၉ | ၁၀၆ | ၄၃ | ၆၃ | ၅၉.၄ | ၄၂ | ၃၉ | ၄၅ | ၃၂ |
| ၈၀ - ၈၄ | ၈၁ | ၄၀ | ၄၁ | ၅၀.၆ | ၂၉ | ၂၈ | ၃၀ | ၂၇ |
| ၈၅ - ၈၉ | ၂၉ | ၇ | ၂၂ | ၇၅.၉ | ၁၄ | ၁၇ | ၁၇ | ၁၄ |
| ၉၀ + | ၁၅ | ၅ | ၁၀ | ၆၆.၇ | ၉ | ၉ | ၈ | ၇ |

- ဖရူဆိုမြို့နယ်တွင် လူဦးရေ (၁၀၀) လျှင် (၅) ဦးသည် အနည်းဆုံးမသန်စွမ်းမှုတစ်မျိုးမျိုးရှိကြောင်း တွေ့ရှိရပါသည်။
- အမျိုးသမီးများ၏ မသန်စွမ်းမှုရာခိုင်နှုန်းသည် အမျိုးသားများထက် အနည်းငယ်ပိုမြင့်ပါသည်။
- မသန်စွမ်းမှုရာခိုင်နှုန်းသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ မြင့်တက်လာပြီး အသက် (၅၀) နှစ်ကျော်တွင် ပိုမိုသိသာစွာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။
- မသန်စွမ်းမှုအမျိုးအစားများတွင် လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ်ခြင်းနှင့် အကြားတို့သည် အများဆုံးဖြစ်ပါသည်။

## (ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ

### နေအိမ်အမျိုးအစားများ

ဇယား (၁၂) - နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသော ဇယား

| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ကွန်ဒို/တိုက်ခန်း/ တိုက်ခန်းတွဲ | ဘန်ဂလို/ တိုက်အိမ် | တိုက်ခံအိမ် | ပျဉ်ထောင်အိမ်/ သစ်သားအိမ် | ဝါးအိမ် | ၂-၃ နှစ်ခံ တဲအိမ် | ၁ နှစ်ခံ တဲအိမ် | အခြား |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၅,၉၁၀ | ၃.၄ | ၉.၂ | ၆.၈ | ၄၀.၇ | ၃၉.၉ | * | - | * |
| မြို့ပြ | ၈၅၃ | ၁၀.၉ | ၃၀.၁ | ၁၅.၁ | ၁၅.၇ | ၂၈.၁ | - | - | - |
| ကျေးလက် | ၅,၀၅၇ | ၂.၁ | ၅.၇ | ၅.၄ | ၄၄.၉ | ၄၁.၈ | * | - | * |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။




- ဖရူဆိုမြို့နယ်တွင် နေအိမ်အများစုမှာ ပျဉ်ထောင်အိမ်/သစ်သားအိမ်အမျိုးအစားများဖြစ်ကြပြီး (၄၀.၇) ရာခိုင်နှုန်းရှိပါသည်။ ဒုတိယအများဆုံး နေအိမ်အမျိုးအစားမှာ ဝါးဖြင့်ဆောက်လုပ်ထားသောအိမ်များဖြစ်ပြီး (၃၉.၉) ရာခိုင်နှုန်းရှိပါသည်။
- မြို့ပြအိမ်ထောင်စုများ၏ (၃၀.၁) ရာခိုင်နှုန်းသည် ဘန်ဂလို/တိုက်အိမ်များဖြင့်နေထိုင်ကြပြီး ကျေးလက်အိမ်ထောင်စုများ၏ (၄၄.၉) ရာခိုင်နှုန်းသည် ပျဉ်ထောင်အိမ်/သစ်သားအိမ်များဖြင့် နေထိုင်ကြပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## ပုံ (၁၄) - သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုး



ဇယား (၁၃) - အသုံးပြုသည့်အိမ်သာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| အိမ်သာအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| ရေဆွဲအိမ်သာ | | ၀.၁ | ၀.၁ | ၀.၁ |
| ရေလောင်း/ ယင်လုံအိမ်သာ | | ၇၀.၁ | ၉၅.၄ | ၆၅.၈ |
| *သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုရာခိုင်နှုန်း* | | *၇၀.၂* | *၉၅.၅* | *၆၅.၉* |
| တွင်း/ဇလား အိမ်သာ | | ၅.၃ | ၂.၅ | ၅.၈ |
| တွင်းမရှိ အိမ်သာ | | ၁.၆ | - | ၁.၉ |
| အခြား | | ၁.၃ | - | ၁.၅ |
| အိမ်သာမရှိ | | ၂၁.၆ | ၂.၀ | ၂၄.၉ |
| စုစုပေါင်း | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၅,၉၁၀** | **၈၅၃** | **၅,၀၅၇** |

- ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စုများ၏ (၇၀.၂) ရာခိုင်နှုန်းသည် သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြပါသည်။ (ရေဆွဲအိမ်သာ (၀.၁) ရာခိုင်နှုန်းနှင့် ရေလောင်း/ယင်လုံအိမ်သာ (၇၀.၁) ရာခိုင်နှုန်းတို့ဖြစ်ကြပါသည်။)
- ကယားပြည်နယ်အတွင်းရှိ အခြားမြို့နယ်များနှင့်နှိုင်းယှဉ်ရာ ဖရူဆိုမြို့နယ်သည် သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုးသည် (၆၀-၇၀) ရာခိုင်နှုန်းအုပ်စုတွင် ပါဝင်ပါသည်။
- ကယားပြည်နယ်တွင် သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုးမှာ (၈၈.၅) ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် (၇၄.၃) ရာခိုင်နှုန်းရှိပါသည်။
- ဖရူဆိုမြို့နယ်တွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၂၁.၆) ရာခိုင်နှုန်းရှိပြီး ကယားပြည်နယ်တွင် (၆.၈) ရာခိုင်နှုန်းရှိပါသည်။
- ဖရူဆိုမြို့နယ်၏ ကျေးလက်ဒေသများတွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၂၄.၉) ရာခိုင်နှုန်း ရှိပါသည်။

## ပုံ (၁၅) - သန့်ရှင်းသောသောက်ရေ ရရှိသည့် အိမ်ထောင်စုအချိုး




**ညွှန်ပြချက်**

သန့်ရှင်းသောသောက်သုံးရေရရှိသော အိမ်ထောင်စုအချိုး (%)

- ၂၂ - ၄၂
- ၄၃ - ၆၂
- ၆၃ - ၈၂
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၆၉.၅% |
| ကယားပြည်နယ် | - ၅၈.၃% |
| လွိုင်ကော်ခရိုင် | - ၆၁.၄% |
| ဖရူဆိုမြို့နယ် | - ၆၁.၉% |

## ဇယား (၁၄) - သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| သောက်ရေအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| ရေပိုက်လိုင်း | | ၅၀.၂ | ၉၆.၅ | ၄၂.၄ |
| အဝီစိတွင်း | | * | - | * |
| ရေတွင်း (အုတ်စီ) | | ၉.၇ | ၀.၁ | ၁၁.၃ |
| ရေသန့်စက်/ရေသန့်ဘူး | | ၂.၀ | ၁.၃ | ၂.၁ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှုရာခိုင်နှုန်း* | | *၆၁.၉* | *၉၇.၉* | *၅၅.၈* |
| ရေတွင်း (အကာရံမဲ့) | | ၆.၂ | ၀.၁ | ၇.၃ |
| ရေကန် | | ၄.၉ | ၀.၁ | ၅.၇ |
| မြစ်/ချောင်း/တူးမြောင်း | | ၁၂.၀ | - | ၁၄.၀ |
| တောင်ကျရေ/မိုးရေ | | ၆.၀ | - | ၇.၀ |
| အခြား | | ၉.၀ | ၁.၉ | ၁၀.၂ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှုရာခိုင်နှုန်း* | | *၃၈.၁* | *၂.၁* | *၄၄.၂* |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၅,၉၀၀** | **၈၅၃** | **၅,၀၅၇** |

- ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စုများ၏ (၆၁.၉) ရာခိုင်နှုန်းသည် သောက်ရေအတွက် ရေကောင်းရေသန့် (ရေပိုက်လိုင်း၊ အဝီစိတွင်း၊ ရေတွင်း (အုတ်စီ)၊ ရေသန့်စက်/ရေသန့်ဘူး) ကို အသုံးပြုကြပါသည်။
- ကယားပြည်နယ်အတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာတွင် ဖရူဆိုမြို့နယ်၏ ရေကောင်းရေသန့်အသုံးပြုသည့် အိမ်ထောင်စုအချိုးသည် (၄၃-၆၂) ရာခိုင်နှုန်းအုပ်စုတွင်ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ ရေကောင်းရေသန့်ရရှိမှု (၆၉.၅) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် နိမ့်သည်ကို တွေ့ရပါသည်။
- ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စု (၅၀.၂) ရာခိုင်နှုန်းသည် ရေပိုက်လိုင်းမှရေရှိသောရေကို သောက်ရေအဖြစ် သုံးစွဲကြပါသည်။ အိမ်ထောင်စု (၁၂.၀) ရာခိုင်နှုန်းသည် မြစ်/ချောင်း/တူးမြောင်းမှရေကိုသုံးစွဲ နေကြပါသည်။
- အိမ်ထောင်စု (၃၈.၁) ရာခိုင်နှုန်းသည် မသန့်ရှင်းသောအရင်းအမြစ်များမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါသည်။
- ကျေးလက်ဒေသရှိ အိမ်ထောင်စု (၄၄.၂) ရာခိုင်နှုန်းသည် မသန့်ရှင်းသောအရင်းအမြစ်များမှရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု

### ပုံ (၁၆) - အလင်းရောင်အတွက်လျှပ်စစ်မီးအသုံးပြုမှု




**ညွှန်ပြချက်**

အလင်းရောင်အတွက်လျှပ်စစ်မီးအသုံးပြုမှု (%)

- ၁၁ - ၃၀
- ၃၁ - ၄၉
- ၅၀ - ၆၈
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၄% |
| ကယားပြည်နယ် | - ၄၈.၆% |
| လွိုင်ကော်ခရိုင် | - ၅၁.၈% |
| ဖရူဆိုမြို့နယ် | - ၂၀.၉% |

## ဇယား (၁၅) - အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| မီးအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၂၀.၉ | ၉၂.၄ | ၈.၉ |
| ရေနံဆီမီး | | ၂၁.၃ | ၀.၈ | ၂၄.၇ |
| ဖယောင်းတိုင်မီး | | ၂၅.၅ | ၅.၉ | ၂၈.၉ |
| ဘက်ထရီမီး | | ၃.၄ | - | ၄.၀ |
| မီးစက် (ပုဂ္ဂလိက) | | ၀.၈ | - | ၁.၀ |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | | ၀.၄ | - | ၀.၄ |
| နေရောင်ခြည် စွမ်းအင်သုံး (ဆိုလာပြား) | | ၁၅.၆ | ၀.၉ | ၁၈.၁ |
| အခြား | | ၁၂.၀ | - | ၁၄.၀ |
| စုစုပေါင်း | ရာခိုင်နှုန်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| | အရေအတွက် | ၅,၉၁၀ | ၈၅၃ | ၅,၀၅၇ |

- ဖရူဆိုမြို့နယ်တွင် အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုအချိုးမှာ (၂၀.၉) ရာခိုင်နှုန်းဖြစ်ပါသည်။ ကယားပြည်နယ်အတွင်းရှိ အခြားမြို့နယ်များနှင့်နှိုင်းယှဉ်ရာ လျှပ်စစ်မီးအသုံးပြုမှုသည် (၁၁-၃၀) ရာခိုင်နှုန်းအုပ်စုတွင် ပါဝင်ပါသည်။ ကယားပြည်နယ်၏ လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုအချိုးမှာ (၄၈.၆) ရာခိုင်နှုန်းဖြစ်ပါသည်။
- ဖရူဆိုမြို့နယ်တွင် အလင်းရောင်အတွက် ဖယောင်းတိုင်မီးအသုံးပြုမှုသည် (၂၅.၅) ရာခိုင်နှုန်းဖြင့်အများဆုံးဖြစ်ပါသည်။
- ကျေးလက်ဒေသတွင် အိမ်ထောင်စုများ၏ (၂၈.၉) ရာခိုင်နှုန်းသည် အလင်းရောင်အတွက် ဖယောင်းတိုင်မီးကို အသုံးပြုကြပါသည်။

## အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု

### ပုံ (၁၇) - သစ်သားကို အခြေခံသောလောင်စာ အသုံးပြုမှု




| | |
|---|---|
| ပြည်ထောင်စု | - ၈၁.၀% |
| ကယားပြည်နယ် | - ၇၇.၁% |
| လွိုင်ကော်ခရိုင် | - ၇၅.၅% |
| ဖရူဆိုမြို့နယ် | - ၉၃.၀% |

ဇယား (၁၆) - ချက်ပြုတ်စားသောက်ရန်အတွက် အဓိကအသုံးပြုသည့် လောင်စာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| လောင်စာအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၆.၂ | ၂၉.၁ | ၂.၃ |
| ဓာတ်ငွေ့ | | * | - | * |
| ရေနံဆီမီး | | ၀.၅ | - | ၀.၆ |
| ဘိုင်အိုဂက်စ် | | - | - | - |
| သစ်သား/ထင်း | | ၉၂.၃ | ၇၀.၀ | ၉၆.၀ |
| မီးသွေး/လောင်စာတောင့် | | ၀.၇ | ၀.၇ | ၀.၇ |
| ကျောက်မီးသွေး | | * | ၀.၂ | - |
| အခြား | | ၀.၃ | - | ၀.၃ |
| စုစုပေါင်း | ရာခိုင်နှုန်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| | အရေအတွက် | ၅,၉၁၀ | ၈၅၃ | ၅,၀၅၇ |

- ဖရူဆိုမြို့နယ်တွင် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် သစ်သားကိုအခြေခံသောလောင်စာအမျိုးအစားများဖြစ်သည့် သစ်သား/ထင်း (၉၂.၃) ရာခိုင်နှုန်းနှင့် မီးသွေး/လောင်စာတောင့် (၀.၇) ရာခိုင်နှုန်းတို့ကို အဓိကအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။
- အိမ်ထောင်စု (၆.၂) ရာခိုင်နှုန်းသာလျှင် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လျှပ်စစ်မီးကို အသုံးပြုကြပါသည်။
- ကျေးလက်ဒေသရှိ အိမ်ထောင်စုများတွင် သစ်သားကိုအခြေခံသော လောင်စာများဖြစ်သည့် သစ်သား/ထင်း (၉၆.၀) ရာခိုင်နှုန်းနှင့် မီးသွေး/လောင်စာတောင့် (၀.၇) ရာခိုင်နှုန်းကို အဓိကအသုံးပြုကြပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှု

**ဇယား (၁၇) - ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက်ခွဲခြားဖော်ပြသောဇယား**

| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ရေဒီယို | ရုပ်မြင်သံကြား | ကြိုးဖုန်း | လက်ကိုင်ဖုန်း | ကွန်ပျူတာ | အိမ်တွင် အင်တာနက် တပ်ဆင်ထားခြင်း | မည်သည့်ပစ္စည်းမျှ မရှိသည့် ရာခိုင်နှုန်း | ပစ္စည်းအားလုံး ရှိသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၅,၉၁၀ | ၂၆.၁ | ၂၃.၀ | ၁.၀ | ၅.၉ | ၀.၈ | ၀.၁ | ၅၉.၈ | * |
| မြို့ပြ | ၈၅၃ | ၃၆.၃ | ၇၃.၂ | ၅.၀ | ၂၅.၄ | ၃.၀ | ၀.၂ | ၁၉.၃ | - |
| ကျေးလက် | ၅,၀၅၇ | ၂၄.၄ | ၁၄.၆ | ၀.၃ | ၂.၆ | ၀.၄ | * | ၆၆.၇ | * |

- အိမ်ထောင်စုများ၏ ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုတွင် ရေဒီယိုသုံးစွဲမှုသည် (၂၆.၁) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။ မြို့ပြတွင် ရုပ်မြင်သံကြားစက်ရှိသည့် အိမ်ထောင်စုအချိုးသည် (၇၃.၂) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး ကျေးလက်တွင် ရေဒီယိုရှိသည့် အိမ်ထောင်စုအချိုးသည် (၂၄.၄) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

**ပုံ (၁၈) - ရေဒီယိုနှင့် ရုပ်မြင်သံကြားသုံးစွဲနိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်း**




- ဖရူဆိုမြို့နယ်တွင် ရုပ်မြင်သံကြားစက်ရှိသော အိမ်ထောင်စုမှာ (၂၃.၀) ရာခိုင်နှုန်းဖြစ်ပြီး ရေဒီယိုရှိသောအိမ်ထောင်စုမှာ (၂၆.၁) ရာခိုင်နှုန်းဖြင့် အိမ်ထောင်စု (၄) စုတွင် (၁) စုနှုန်းရှိကြောင်း တွေ့ရှိရပါသည်။

## ပုံ (၁၉) - လက်ကိုင်ဖုန်းသုံးစွဲနိုင်မှု




**ညွှန်ပြချက်**

လက်ကိုင်ဖုန်းရရှိသုံးစွဲနိုင်မှု (%)

- ၀.၂ - ၁၆
- ၁၇ - ၃၂
- ၃၃ - ၄၈
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၉% |
| ကယားပြည်နယ် | - ၂၈.၀% |
| လွိုင်ကော်ခရိုင် | - ၃၂.၃% |
| ဖရူဆိုမြို့နယ် | - ၅.၉% |

- ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စု (၅.၉) ရာခိုင်နှုန်းသာ လက်ကိုင်ဖုန်းရှိကြောင်း တွေ့ရပါသည်။ ကယားပြည်နယ်တွင် အိမ်ထောင်စု (၂၈.၀) ရာခိုင်နှုန်းသည် လက်ကိုင်ဖုန်းရှိပါသည်။

## ပို့ဆောင်ရေးယာဉ် အမျိုးအစားများ

### ဇယား (၁၈) - သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့်ယာဉ်အမျိုးအစားအလိုက် အိမ်ထောင်စု အရေအတွက်ကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| ပြည်နယ်/ခရိုင်/မြို့နယ် | အိမ်ထောင်စု | ကား/ ထရပ်ကား/ ဗင်န် | မော်တော်ဆိုင်ကယ်/ လျှပ်စစ်စက်ဘီး/ သုံးဘီးကား | စက်ဘီး | (၄) ဘီးပါ ထော်လာဂျီ | ကနူးလှေ၊ သမ္ဗာန် | စက်လှေ၊ မော်တော်ဘုတ် | လှည်း(ကျွဲ၊ နွား၊ မြင်း.. စသဖြင့်) |
|---|---|---|---|---|---|---|---|---|
| ကယားပြည်နယ် | ၅၇,၂၇၄ | ၁,၉၀၆ | ၃၄,၄၂၃ | ၁၈,၀၀၇ | ၅,၂၂၉ | ၃၀၉ | ၁၄၄ | ၈,၈၂၄ |
| မြို့ပြ | ၁၄,၆၆၈ | ၁,၀၇၇ | ၁၀,၈၆၆ | ၇,၅၅၄ | ၇၅၈ | ၅၅ | ၄၀ | ၅၄၅ |
| ကျေးလက် | ၄၂,၆၀၆ | ၈၂၉ | ၂၃,၅၅၇ | ၁၀,၄၅၃ | ၄,၄၇၁ | ၂၅၄ | ၁၀၄ | ၈,၂၇၉ |
| လွိုင်ကော်ခရိုင် | ၄၉,၁၅၈ | ၁,၇၂၃ | ၃၀,၅၇၈ | ၁၇,၃၂၄ | ၅,၀၂၄ | ၂၃၂ | ၆၂ | ၈,၁၂၄ |
| မြို့ပြ | ၁၂,၇၄၈ | ၁,၀၀၆ | ၉,၆၉၇ | ၇,၀၅၉ | ၆၈၈ | ၄၆ | ၁၄ | ၃၂၈ |
| ကျေးလက် | ၃၆,၄၁၀ | ၇၁၇ | ၂၀,၈၈၁ | ၁၀,၂၆၅ | ၄,၃၃၆ | ၁၈၆ | ၄၈ | ၇,၇၉၆ |
| ဖရူဆိုမြို့နယ် | ၅,၉၁၀ | ၂၃ | ၂,၀၇၄ | ၄၉၁ | ၄၇၁ | ၂ | ၁ | ၁,၀၄၇ |
| မြို့ပြ | ၈၅၃ | ၁၄ | ၅၃၁ | ၂၁၆ | ၅၇ | - | - | ၂၉ |
| ကျေးလက် | ၅,၀၅၇ | ၉ | ၁,၅၄၃ | ၂၇၅ | ၄၁၄ | ၂ | ၁ | ၁,၀၁၈ |

- ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့်ယာဉ် အမျိုးအစားများတွင် မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား အသုံးပြုမှုသည် (၃၅.၁) ရာခိုင်နှုန်းဖြင့်အမြင့်ဆုံးဖြစ်ပြီး လှည်း (ကျွဲ၊ နွား၊ မြင်း.. စသဖြင့်) အသုံးပြုမှုသည် (၁၇.၇) ရာခိုင်နှုန်းဖြင့်ဒုတိယအမြင့်ဆုံးဖြစ်ပါသည်။
- မြို့ပြ/ကျေးလက် ခွဲခြားလေ့လာရာတွင် အိမ်ထောင်စုအများစုသည် မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကားကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အဓိကအသုံးပြုကြပါသည်။

## (၈) မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ

### မွေးဖွားခြင်းအကြောင်းအရာ

ပုံ (၂၀) - ပြည်ထောင်စု၊ ကယားပြည်နယ်နှင့် ဖရူဆိုမြို့နယ်တို့၏ အသက်အပိုင်းအခြားအလိုက် ကလေးမွေးဖွားနှုန်း




- ဖရူဆိုမြို့နယ်တွင် အသက် (၂၅-၂၉) အုပ်စုတွင် မွေးဖွားနှုန်းအမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ အသက် (၄၉) နှစ်အတွင်းရှိ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးဖွားနှုန်းမှာ (၅.၀) ဦးဖြစ်ပြီး ပြည်ထောင်စုအဆင့် စုစုပေါင်းကလေးမွေးဖွားနှုန်း (၂.၅) ဦးထက် ပိုမြင့်သည်ကို တွေ့ရှိရပါသည်။

## ပုံ (၂၁) - စုစုပေါင်းကလေးမွေးဖွားနှုန်း



ပုံ (၂၂) - မျှော်မှန်းသက်တမ်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)




- ကယားပြည်နယ်တွင် မွေးဖွားစဉ် မျှော်မှန်းသက်တမ်းသည် (၆၄.၃) နှစ်ဖြစ်ပြီး ပြည်ထောင်စုအဆင့် မျှော်မှန်းသက်တမ်း (၆၄.၇) နှစ်ထက်အနည်းငယ်နိမ့်ပါသည်။
- မ မျှော်မှန်းသက်တမ်း (၇၀.၂ နှစ်) သည် ကျား မျှော်မှန်းသက်တမ်း (၅၉.၁ နှစ်) ထက်ပိုမြင့်ပါသည်။

## ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ

ပုံ (၂၃) - တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်း




- လွိုင်ကော်ခရိုင်တွင် တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းများသည် ပြည်ထောင်စုအဆင့် သေနှုန်းများထက်နိမ့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက်ကလေး (၅၉) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ်အောက်ကလေး (၆၉) ဦး သေဆုံးလျက်ရှိပါသည်။
- ဖရူဆိုမြို့နယ်၏ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းများသည် ကယားပြည်နယ်နှင့် လွိုင်ကော်ခရိုင်တို့၏ သေနှုန်းများထက်မြင့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက်ကလေး (၁၀၄) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ်အောက်ကလေး (၁၂၀) ဦးသေဆုံးလျက်ရှိပါသည်။

ပုံ (၂၄) - ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)




- ကယားပြည်နယ်တွင် အရှင်မွေးကလေး (၁၀၀,၀၀၀) ၌ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး (၆) ပတ်အကြာတွင် မိခင် (၂၇၆) ဦးသေဆုံးလျက်ရှိပါသည်။
- ကိုယ်ဝန်ဆောင်မိခင်သေနှုန်းသည် ပြည်ထောင်စုအဆင့်ထက်နိမ့်ပါသည်။
- အရှေ့တောင်အာရှနိုင်ငံများ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၁၄၀) နှင့် နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၂၈၂) သည် မြင့်မားနေကြောင်းတွေ့ရှိရပါသည်။

**သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ**

**လူဦးရေ** - ဤအစီရင်ခံစာတွင်ပါဝင်သည့် လူဦးရေဆိုသည်မှာ သန်းခေါင်စာရင်းညတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသည့် လူဦးရေကို ဆိုလိုပါသည်။

**သန်းခေါင်စာရင်းည (သန်းခေါင်စာရင်းရည်ညွှန်းချိန်)** - ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ညကို ဆိုလိုပါသည်။ မတ်လ (၂၉) ရက်နေ့ည (၀၀း၀၀) အချိန်သည် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း သန်းခေါင်စာရင်းညတွင်ရှိသည့်လူအားလုံးကို စာရင်းကောက်ယူခဲ့ပါသည်။

**ကျေးလက်** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ကျေးရွာအုပ်စုများကို ဆိုလိုပါသည်။ ယေဘုယျအားဖြင့် ၎င်းဒေသများသည် လူဦးရေသိပ်သည်းဆ နည်းသည့်ဒေသများဖြစ်ပြီး ၎င်းမြေဧရိယာများ တွင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ပါသည်။

**မြို့ပြ** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ရပ်ကွက်များဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါဒေသများတွင် အဆောက်အအုံနှင့် လူဦးရေထူထပ်ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပါသည်။

**သိပ်သည်းဆ** - ဧရိယာ တစ်စတုရန်းကီလိုမီတာတွင် နေထိုင်သောလူဦးရေကို ဆိုလိုပါသည်။ နယ်နိမိတ် တစ်ခုအတွင်းနေထိုင်သော လူဦးရေစုစုပေါင်းကို ၎င်းဒေသ၏ ဧရိယာအကျယ်အဝန်းနှင့် စားခြင်းဖြင့် သိပ်သည်းဆကိုရရှိပြီး စတုရန်းကီလိုမီတာဖြင့်ဖော်ပြပါသည်။ ထိုသို့တွက်ချက်ရာတွင် ကုန်းမြေကိုသာ ထည့်သွင်းတွက်ချက်ထားပါသည်။

**ပျမ်းမျှအိမ်ထောင်စုအရွယ်အစား** - အိမ်ထောင်စုတစ်စုတွင်ရှိသော ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက် ကိုဆိုလိုပါသည်။ (အိမ်ထောင်စုလူဦးရေစုစုပေါင်းကို အိမ်ထောင်စုအရေအတွက်ဖြင့် စားခြင်းဖြင့်ရရှိ ပါသည်။)

**ကျား/မ အချိုး** - အမျိုးသမီးဦးရေ (၁၀၀) ၌ရှိသည့် အမျိုးသားဦးရေကိုဆိုလိုပါသည်။

**မှီခိုသူအချိုး** - အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ် အသက် (၁၅) နှစ်မှ အသက် (၆၄) နှစ်ဦးရေ (၁၀၀) ပေါ်တွင် မှီခိုနေသည့် ကလေးဦးရေ (အသက် ၁၅ နှစ်အောက်) နှင့် သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) တို့၏အချိုးဖြစ်ပါသည်။ စုစုပေါင်းမှီခိုသူအချိုး၊ ကလေးမှီခိုသူအချိုးနှင့် သက်ကြီးရွယ်အို မှီခိုသူအချိုးတို့ကို တိုင်းတာတွက်ချက်နိုင်ပါသည်။

**ကလေးမှီခိုသူအချိုး** - အသက် (၁၅) နှစ်အောက် ကလေးဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုမှီခိုသူအချိုး** - အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုညွှန်ကိန်း** - အသက် (၁၅) နှစ်အောက် ကလေးဦးရေ (၁၀၀) တွင်ရှိသည့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေကို ဆိုလိုပါသည်။

**အသက်အလယ်ကိန်း** - စုစုပေါင်းလူဦးရေ၏အသက်များကို အုပ်စု (၂) စု အညီအမျှခွဲခြားရာတွင် ရရှိသည့် အလယ်ကိန်းဖြစ်ပါသည်။ လူဦးရေ၏တစ်ဝက်သည် အသက်အလယ်ကိန်းထက်ငယ်ပြီး ကျန်တစ်ဝက်သည် အသက်အလယ်ကိန်းထက် ကြီးပါသည်။

**ပညာရေး** - သင်ကြားခြင်းနှင့် သင်တန်းလမ်းညွှန်များမှတဆင့် သင်ကြားတတ်မြောက်ခြင်းကို ဆိုလိုပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် စာတတ်မြောက်မှု၊ ကျောင်းနေမှုအခြေအနေ၊ အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်း/အဆင့်တို့ကို မေးမြန်းခဲ့ပါသည်။ ပညာရေးနှင့်ပတ်သက်၍ အမျိုးအစားခွဲခြားမှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) **စာတတ်မြောက်မှု** - ဘာသာစကားတစ်ခုခုကို ကောင်းမွန်စွာ ရေးတတ်၊ ဖတ်တတ်ခြင်းကို ဆိုလိုပါသည်။

(ခ) **ကျောင်းတက်ရောက်မှုအခြေအနေ** - လွန်ခဲ့သည့်စာသင်နှစ်တွင် အတန်းပညာ အဆင့်ဆင့် သင်ကြားနိုင်ရန်ပုံမှန်ဖွင့်လှစ်ထားသော တရားဝင်အသိအမှတ်ပြု စာသင်ကျောင်းများ (သို့မဟုတ်) ပညာရေးအစီအစဉ်များတွင်ပညာသင်ကြားနေသူများကို ဆိုလိုပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်တက်နေသူများ အားလုံးပါဝင်ပါသည်။ အဆိုပါ ကျောင်းနေမှုအခြေအနေတွင် (၁) လက်ရှိတွင် ကျောင်းတက်နေသူ၊ (၂) ကျောင်းတက်ဖူးသူ၊ (၃) လုံးဝကျောင်းမတက်ဘူးသူ ဟူ၍ (၃) မျိုးပါဝင်ပါသည်။

(ဂ) **အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း/အဆင့်** - အစိုးရကျောင်းများ၊ အစိုးရအသိအမှတ်ပြုထားသည့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်ပြီးစီးခဲ့သည့် အမြင့်ဆုံး ပညာရေးအဆင့်/ဘွဲ့/ဒီဂရီကို ဆိုလိုပါသည်။

**မသန်စွမ်းမှု** - နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများ၊ အလုပ်လုပ်ကိုင်ဆောင်ရွက်မှု/သင်ယူမှုများ၊ လှုပ်ရှားမှုများတွင် အထောက်အကူမရှိပါက သာမန်လူများထက်ပို၍ အခက်အခဲရှိသူများကို ဆိုလို ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မသန်စွမ်းမှုနှင့်ပတ်သက်၍ အောက်ပါတို့ကို မေးမြန်းထားပါသည်-

(က) လမ်းလျှောက်ခြင်း (ပိုးခဲ့အသုံးပြုခြင်း၊ တောင်ဝှေး၊ ချိုင်းထောက်အသုံးပြုခြင်း၊ ခြေဆွံ့ခြင်း၊ အမြင့်တက်ရာတွင်ခက်ခဲခြင်း)

(ခ) အမြင် (အမြင်အာရုံအားနည်းခြင်း၊ မျက်စိမမြင်ခြင်း)

(ဂ) အကြား (အကြားအာရုံနည်းခြင်း၊ နားမကြားခြင်း)

(ဃ) မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း (ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ကျောင်းနေရန်ခက်ခဲခြင်း၊ အခြား စိတ်ပိုင်းဆိုင်ရာအခြေအနေများ)

**ကိုင်ဆောင်သည့်လက်မှတ်** - လူတစ်ဦးချင်းစီ၏ သက်သေခံအဖြစ် ကိုယ်ရေးအကြောင်းအရာ အချက်အလက်များပါဝင်သည့် ကတ်/လက်မှတ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သက်သေခံကတ်/လက်မှတ် အမျိုးအစား ပေါင်းများစွာ ထုတ်ပေးထားပြီး နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်ကိုဆိုလိုပါသည်။

**လုပ်သားအင်အားအခြေအနေ** - သန်းခေါင်စာရင်းရည်ညွှန်းရက်မတိုင်မီ (၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်) လွန်ခဲ့သည့် (၁၂) လအတွင်း လုပ်ကိုင်ခဲ့သော အဓိကလုပ်ဆောင်မှုများကို ဆိုလိုပါသည်။ အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို အောက်ပါအတိုင်း ခွဲခြားဖော်ပြထားပါသည် -




**လုပ်သားအင်အားစု** - "အလုပ်ရှိသူ (လုပ်ငန်းခွင်ရှိလူဦးရေ)" နှင့် "အလုပ်လက်မဲ့" တို့ပါဝင်သည့် ယေဘုယျစကားရပ်တစ်ခု ဖြစ်ပါသည်။

**အလုပ်ရှိသူ** - လူတစ်ယောက်သည် အမြတ်အစွန်းတစ်ခုခု (လစာ၊ လုပ်ခ၊ စီးပွားရေးအကျိုးအမြတ် စသည်) အတွက် သန်းခေါင်စာရင်းမကောက်မီ တစ်ပတ်အတွင်း (သို့မဟုတ်) တစ်နှစ်အတွင်း အချိန်ပြည့် (သို့မဟုတ်) (၆) လနှင့်အထက် အလုပ်လုပ်ခဲ့လျှင် ထိုသူကို အလုပ်ရှိသည်ဟု ဆိုလိုပါသည်။ ၎င်းတို့တွင် လစာမရသော်လည်း မိသားစုလုပ်ငန်းတွင်လုပ်ကိုင်သူ၊ စတိုးဆိုင်၊ ပုဂ္ဂလိကဆေးရုံ အစရှိသည်တို့တွင် လုပ်ကိုင်နေသူများပါဝင်ပါသည်။

**အလုပ်လက်မဲ့** - အလုပ်လုပ်ကိုင်နိုင်သူဖြစ်သော်လည်း သတ်မှတ်ထားသည့်ကာလအတွင်း အလုပ်မရှိသူ၊ အလုပ်ရှာဖွေနေသူကို ဆိုလိုပါသည်။

**လုပ်သားအင်အားစုတွင်မပါဝင်သူများ** - သန်းခေါင်စာရင်းကောက်ယူချိန်မတိုင်မီ ရက်သတ္တပတ်အတွင်း အလုပ်မရှိသူ၊ အလုပ်မရှာခဲ့သူ၊ အလုပ်မလုပ်နိုင်သူများကို ဆိုလိုပါသည်။ အဆိုပါအုပ်စုတွင် အချိန်ပြည့် ကျောင်းတက်နေသူ၊ အိမ်မှုကိစ္စလုပ်သူ၊ သက်ကြီးရွယ်အိုများ ပါဝင်ပါသည်။

**လုပ်သားအမျိုးအစား** - အလုပ်ရှိသူများကို လွန်ခဲ့သော (၁၂) လအတွင်း ၎င်းတို့ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်း လုပ်ဆောင်မှုအလိုက် ခွဲခြားဖော်ပြခြင်းဖြစ်ပါသည်။ လုပ်သားအမျိုးအစားများကို အောက်ပါအတိုင်း အုပ်စု (၅) စုခွဲခြားထားပါသည်-

(က) **အစိုးရဝန်ထမ်း** - အစိုးရဌာန/အဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်နေသူများ

(ခ) **ပုဂ္ဂလိက/အဖွဲ့အစည်းဝန်ထမ်း** - ပုဂ္ဂလိကလုပ်ငန်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရောင်းဝယ်ရေးလုပ်ငန်း များတွင်လုပ်ကိုင်နေသူများ

(ဂ) **အလုပ်ရှင်** - သတ်မှတ်ကာလအတွင်း ၎င်းတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို အလုပ်သမား (၁) ဦးဖြစ်စေ၊ (၁) ဦးထက်ပို၍ဖြစ်စေ ခန့်ထားပြီး လုပ်ငန်းလုပ်ကိုင်သူများ

(ဃ) **ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ** - ကိုယ်ပိုင်စီးပွားရေး (သို့မဟုတ်) မိသားစုစီးပွားရေးတွင် မည်သည့်အလုပ်သမားကိုမျှ ခန့်ထားခြင်းမရှိဘဲ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သူ

(င) **မိသားစုလုပ်ငန်းလုပ်ကိုင်သူ** - မိသားစုဝင်တစ်ဦးဦး၏ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး၊ ခြံလုပ်ငန်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခုခုတွင် လုပ်အားခမရရှိဘဲ ဝင်ရောက်လုပ်ကိုင်သူ

**လုပ်သားအင်အားပါဝင်နှုန်း** - အသက်အုပ်စုတစ်ခုတွင်ရှိသည့် လုပ်သားအင်အားနှင့် အဆိုပါအသက်အုပ်စုအတွင်းရှိ လူဦးရေတို့၏အချိုးကို ဆိုလိုပါသည်။ လုပ်သားအင်အားပါဝင်နှုန်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေပမာဏကို ဖော်ပြသည့် အရေးကြီးသော အညွှန်းကိန်းဂဏန်းတစ်ခုဖြစ်ပါသည်။

$$\text{လုပ်သားအင်အားပါဝင်နှုန်း} = \frac{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်လက်မဲ့ရာခိုင်နှုန်း** - လုပ်သားအင်အားစုစုပေါင်းတွင် အလုပ်အကိုင်မရရှိသေးဘဲ အလုပ်ရှာနေသူနှင့် အလုပ်လုပ်ရန်ဆန္ဒရှိသူတို့၏ ရာခိုင်နှုန်းကို ဆိုလိုပါသည်။ အဆိုပါလူဦးရေသည် အလုပ်ရှာဖွေနေသူများဖြစ်ပြီး အလုပ်လုပ်ရန်အဆင်သင့်ရှိသူများ ဖြစ်ပါသည်။

$$\text{အလုပ်လက်မဲ့ရာခိုင်နှုန်း} = \frac{\text{အလုပ်လက်မဲ့ဦးရေ}}{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}} \times ၁၀၀$$

**အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး** - နိုင်ငံတစ်ခု၏အလုပ်ရှိသူဦးရေနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ (အသက် ၁၅ - ၆၄) ၏အချိုးအစားကိုပြသည့် စာရင်းအင်းဆိုင်ရာ အချိုးတစ်ခုဖြစ်ပါသည်။ လူတစ်ဦးသည် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီကြာ အလုပ်လုပ်ကိုင်ပါက ၎င်းကိုအလုပ်အကိုင်ရှိသူဟု နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီးမှ သတ်မှတ်ထားပါသည်။

$$\text{အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး} = \frac{\text{အလုပ်ရှိသူဦးရေ}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်အကိုင်** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့် လူတစ်ယောက်၏ အလုပ်အကိုင်ကိုဆိုလိုပါသည်။ လုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိဘဲ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့်အလုပ်အကိုင်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် အလုပ်အကိုင်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စာရင်းကိုင်၊ အချက်အလက်သွင်းစာရေး၊ အတွင်းရေးမှူး၊ အိမ်မှုကိစ္စလုပ်သူ၊ တံငါသည်၊ လူ့အရင်းအမြစ်မန်နေဂျာစသည်ဖြင့် အသေးစိတ်ဖော်ပြရမည်ဟု သန်းခေါင်စာရင်းစာရင်းကောက်များကို ညွှန်ကြားထားပါသည်။ အကယ်၍ဖြေဆိုသူသည် အလုပ်အကိုင်နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပို၍ လုပ်ကိုင်ခဲ့လျှင် အဓိကလုပ်ကိုင်သော အလုပ်အကိုင်တစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ပါသည်။ အလုပ်အကိုင်အမျိုးအစားများ ခွဲခြားသတ်မှတ်ရာတွင် ISCO 2008 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**လုပ်ငန်း** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း အလုပ်လုပ်နေသူများ လုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အလုပ်လုပ်နေသူများလုပ်ကိုင်နေသည့် လုပ်ငန်းခွင်နေရာကို ဖော်ပြရမည်ဖြစ်ပါသည်။ အလုပ်လုပ်နေသူတစ်ဦး၏ လုပ်ကိုင်နေရသည့် တာဝန်များ (သို့မဟုတ်) ဆောင်ရွက်ချက်များကို ဖော်ပြရန်မလိုဘဲ ကုန်ထုတ်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှုပေးသည့် လုပ်ငန်းအမျိုးအစားကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ - လူတစ်ယောက်သည် တီဗွီထုတ်လုပ်သောစက်ရုံ၏ သိုလှောင်ရုံတွင် အလုပ်လုပ်ကိုင်သူဖြစ်ပါက ထိုသူ၏လုပ်ငန်းသည် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဖြစ်ပါသည်။ အကယ်၍ ဖြေဆိုသူသည် လုပ်ငန်းနှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ပါလျှင် အဓိက လုပ်ကိုင်သော လုပ်ငန်းတစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ပါသည်။ လုပ်ငန်းများ ခွဲခြားသတ်မှတ်ရာတွင် ISIC Revision 4 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**အရှင်မွေးကလေး** - ကလေးငယ်မိခင်ဝမ်းမှကျွတ်ချိန်တွင် ငိုခြင်း၊ အသံပြုခြင်း၊ ခြေလက်များလှုပ်ရှားခြင်း စသည့် အသက်ရှင်သန်မှု သင်္ကေတတစ်ခုခုကို ပြုလုပ်သူကို ဆိုလိုပါသည်။ သန်းခေါင်စာရင်းတွင် အရှင်မွေးကလေးများကို ထည့်သွင်းကောက်ယူခဲ့ပါသည်။ ထို့အပြင် အိမ်ထောင်ကျဖူးသည့် အမျိုးသမီးများ၏ နောက်ဆုံးအရှင်မွေးကလေးအကြောင်းအရာများကိုလည်း ထည့်သွင်းကောက်ယူခဲ့ပါသည်။

**စုစုပေါင်းကလေးမွေးဖွားနှုန်း** - အမျိုးသမီးတစ်ယောက်မွေးဖွားနိုင်သည့် ပျမ်းမျှကလေးအရေအတွက် (အမျိုးသမီးအားလုံး ကလေးမွေးဖွားနိုင်သည့် အသက်အပိုင်းအခြား ပြီးဆုံးသည်အထိ အသက်ရှင်ပြီးလက်ရှိ မွေးနှုန်းအတိုင်း မွေးမည်ဆိုပါက) ကို ဆိုလိုပါသည်။

$$\text{စုစုပေါင်းကလေးမွေးဖွားနှုန်း} = ၅ \times \sum \text{အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း}$$

**အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း** - အသက်အုပ်စုအလိုက် အမျိုးသမီး (၁,၀၀၀) တစ်နှစ်အတွင်း မွေးဖွားသည့် ကလေးဦးရေကို တိုင်းတာခြင်းဖြစ်ပါသည်။ အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်းကို တိုင်းတာရာတွင် သီးခြားဖော်ပြထားခြင်းမရှိပါက ပြက္ခဒိန်နှစ်ကို အခြေခံ၍ တွက်ချက်ပါသည်။

## ဖရူဆိုမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း

### ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း

| အမည် | ရာထူးနှင့် ဌာန/အဖွဲ့အစည်း | တာဝန် |
|---|---|---|
| **အစီရင်ခံစာပြုစုသူ** | | |
| ဒေါ်မာမာဦး | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| ဦးစိုင်းဆေခမ်း | အကြီးတန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| ဦးစိုင်းချစ်ဦး | အကြီးတန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| | | |
| **စစ်ဆေးတည်းဖြတ်သူ** | | |
| ဦးကျော်ပေါ်ထွန်း | UNFPA အကြံပေး | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်မျိုးသန္တာ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်သူဇာဝင်း | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| | | |
| **စာရင်းဇယားပြုစုခြင်းနှင့် မြေပုံရေးဆွဲခြင်း** | | |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | ကွန်ပျူတာအစီအစဉ်ရေးဆွဲခြင်းနှင့် စာရင်းဇယားပြုစုသူ |
| ဒေါ်လင်းလင်းမာ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဒေါ်မေသက်ထွန်း | ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဦးခိုးရယ် | အကြီးတန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| | | |
| **စာစီနှင့်ဒီဇိုင်းအဖွဲ့** | | |
| ဦးနိုင်ဖြိုးကျော် | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| ဦးနေလင်းထိုက် | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| | | |

အစီရင်ခံစာများကို အောက်ဖော်ပြပါ

ဝက်ဘ်ဆိုဒ်များတွင် ရယူနိုင်ပါသည်။

www.dop.gov.mm

(သို့မဟုတ်)

http://myanmar.unfpa.org/census